# မြဝတီ? 

ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 24 April 2022 ၁၀၇၁၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သင်္ကြန်ကာလ ပုဂံဒေသသို့ ခရီးသွားဝင်ရောက်မှုကြောင့် ဒေသခံများ၏ စီးပွားရေးလုပ်ငန်းများ အဆင်ပြေ

**ရန်ကုန် ဧပြီ ၂၃**

မြန်မာ့နှစ်ကူးကာလ ရက်ရှည်ရုံးပိတ်ခဲ့ရာ ပင်လယ်ကမ်းခြေများ၌ ပြည်တွင်းခရီးသွားများ၏ အပန်းဖြေခရီးစဉ်များဖြင့် စည်ကားခဲ့သည့်နည်းတူ ပုဂံဒေသတွင်လည်း ခရီးသွားများဝင်ရောက်ခဲ့မှုကြောင့် ဒေသခံတို့၏စီးပွားရေးလုပ်ငန်းများ အဆင်ပြေခဲ့ကြောင်း သိရသည်။

**ဘုရားဖူးများဖြင့် စည်ကား**

မြန်မာ့ခရီးသွားရာသီ၏ နောက်ဆုံးလဖြစ်သော ဧပြီလတွင် ပုဂံဒေသခံတို့ အမျှော်လင့်ဆုံးအချိန်မှာ မြန်မာ့နှစ်ကူးသင်္ကြန်အချိန်အခါဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သင်္ကြန်ပွဲများ မကျင်းပနိုင်ခဲ့သည်မှာ နှစ်နှစ်တိုင်ခဲ့သည်။ ယခုနှစ်တွင် အများပြည်သူ စိတ်အေးချမ်းမှုရရှိစေရန် မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတော်က ခွင့်ပြုခဲ့၍ ၂၀၁၉ ခုနှစ် သင်္ကြန်ကာလထက် ခရီးသွားများပိုမိုဝင်ရောက်ခဲ့မှုကြောင့် ပုဂံတွင်ဘုရားဖူးများဖြင့် စည်ကားခဲ့သည်။ ဟိုတယ်၊ တည်းခိုခန်း၊ ဒေသထွက်ကုန်မျိုးစုံဈေးတန်းများ၊ အဝတ်အထည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ထမင်းဆိုင်များနှင့် ဒေသထွက်မုန့်ဆိုင်များ အထူးအရောင်းအဝယ်ကောင်းခဲ့ပြီး လက်ဆွဲပန်းချီ၊ သစ်ပင်ချိတ်ရုပ်သေးဆိုင်များ၊ မြင်းလှည်း၊ သုံးဘီး၊ လျှပ်စစ်ဆိုင်ကယ်နှင့် ခရီးသွားပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေခဲ့သည်။

"သင်္ကြန်ကာလမှာ မြင်းကပါဘုရားကို လာဖူးတဲ့ဘုရားဖူးဧည့်သည် တစ်ရက် ၄၀၀၀ ကျော်ကနေ ၇၀၀၀ ကျော်ထိရှိတယ်။ ဒီနှစ်မှာ လုံးဝမထင်ထားတဲ့ ခရီးသွားသင်္ကြန်လို့ ပြောရမှာပါ။ ကိုဗစ်-၁၉ ရောဂါ မတိုင်မီ သင်္ကြန်ကာလထက် ထူးထူးခြားခြား စည်ကားခဲ့တယ်လို့ ဆိုရမယ်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့** ✻



၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်အကြတ်နေ့တွင် မြင်းကပါဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ခရီးသွားများကို တွေ့ရစဉ်။

**ယနေ့** *ဖတ်စရာ*



**(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ**

စာမျက်နှာ » ၇

**လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ် ကြိုးစားဖို့ စိုက်ပျိုးရေး သိပ္ပံကျောင်းကို ရွေးကြစို့**

ဆောင်းပါး စာမျက်နှာ » ၆

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်နှင့် ရုရှားသမ္မတ ပူတင်တို့ ဧပြီ ၂၆ ရက်တွင် တွေ့ဆုံမည်**

စာမျက်နှာ » ၁၂

**ကမ္ဘာတစ်ခွင် ငှက်ဖျားရောဂါကင်းစင်စေချင်**

ဆောင်းပါး စာမျက်နှာ » ၁၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုညဒသမ ၂၂ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၂

# ပြည်သူများအကျိုးစီးပွားကို မျက်ခြည်မပြတ်အကောင်အထည်ဖော်

မျက်မှောက်ကာလတွင် ကြုံတွေ့နေရသော အခက်အခဲသည် ပြည်သူများ နေ့စဉ်အသုံးပြုနေသည့် စွမ်းအင်လောင်စာဖြစ်သည်။ စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုနှင့် လျှပ်စစ်ဓာတ်အား အပြည့်အဝမရရှိခြင်းဖြစ်သည်။ စက်သုံးဆီသည် ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသောအခက်အခဲဖြစ်ပြီး နိုင်ငံခြားငွေလဲတန်ဖိုးကျဆင်းမှုနှင့်လည်း သက်ဆိုင်ပေသည်။ လျှပ်စစ်ဓာတ်အားအနေဖြင့်မူ ဖျက်ဆီးနှောင့်ယှက်မှုများနှင့်သက်ဆိုင်ပေသည်။

ယနေ့ကာလ လျှပ်စစ်ဓာတ်အား ပြတ်တောက်နေမှုများနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှု ပကတိအခြေအနေမှန်များကို နိုင်ငံတော်အစိုးရက ရှင်းလင်းပြောကြားခဲ့ပေသည်။ လျှပ်စစ်ဓာတ်အားပြတ်နေရခြင်း၏ အဓိကအကြောင်းရင်းမှာ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် တစ်ကမ္ဘာလုံး၌ သဘာဝဓာတ်ငွေ့ရည် ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ငွေကြေးပြတ်တောက်မှုများကြားမှ မြန်မာကျပ်ငွေအားနည်းနေခြင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ဆက်စပ်နေသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် မကြာသေးမီကာလအတွင်းမှစ၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများနှင့် ကြုံတွေ့နေရသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် တာဝန်ယူဆောင်ရွက်ခဲ့ကြသော အစိုးရများအနေဖြင့် အများပြည်သူတို့လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ပြည်သူများ နေ့စဉ်နေထိုင်လုပ်ကိုင်မှု လူမှုစီးပွားဘဝများအတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ရှေးယခင်က လက်နက်ကိုင်သောင်းကျန်းသူအချို့က လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်ဖျက်ဆီးမှုကို ရှားရှားပါးပါးသာ ကြုံတွေ့ဖူးသည်။ ယခုအခါ အကြမ်းဖက်သမားသောင်းကျန်းသူများသည် လျှပ်စစ်ဓာတ်အားပေးရေးကိစ္စအဝဝတို့ကိုသာမက ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးပါမကျန် ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

အကြမ်းဖက်အဖျက်သမားများသည် ၂၀၂၁ ခုနှစ်ကာလကတည်းက ပြည်သူများ အခက်အခဲဖြစ်မည်ကို မသိမြင်နားမလည်ဘဲ ဓာတ်အားခပေးချေမှုကို သပိတ်မှောက်ရန် လှုံ့ဆော်ခဲ့ကြရာ လျှပ်စစ်ဓာတ်အားပေးဝေရေးတွင် အနှောင့်အယှက်အခက်အခဲများဖြစ်ပေါ်ခဲ့သည်။ ထို့နောက် PDF အမည်ခံ အကြမ်းဖက်သမားများသည် လျှပ်စစ်ရုံးများအား ဗုံးဖောက်ခွဲခြင်းများကို ပြုလုပ်ကြသည့်အပြင် ကယားပြည်နယ်ရှိ လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နိုင်ငံတစ်ဝန်းသို့ ပို့လွှတ်ပေးနေသော ဓာတ်အားလိုင်းများအား ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါလုပ်ရပ်များကြောင့် အထူးသဖြင့် ပြည်တွင်းရှိ အခြေခံပြည်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်ခဲ့သည်။

ထို့အပြင် CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များကို ထောက်ခံအားပေးသည့် အနောက်နိုင်ငံများ၏ ပြင်ပဖိအားများနှင့် စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ရန် ကြိုးပမ်းလာမှုများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတားများ ဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံတွင် အနောက်နိုင်ငံများက ၎င်းတို့အလိုမကျလျှင် စီးပွားရေးပိတ်ဆို့မှုများအား အစဉ်အဆက်ပြုလုပ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ခြင်းသည် တည်ဆဲအစိုးရကို ထိခိုက်သည်ဆိုသည်ထက် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များနှင့် ၎င်းတို့နှင့်ဆက်နွှယ်သော လုပ်ငန်းများ၊ ကုန်ပစ္စည်းတင်သွင်းသူများ၊ ပြည်တွင်းအလုပ်အကိုင်များနှင့် စားသုံးသူပြည်သူများသာ အခက်အခဲများကြုံတွေ့ကြရသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးနှုန်းများ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ပြည်တွင်းဓာတ်အားထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ကို တိုးမြှင့်သုံးစွဲရန် ကြိုးပမ်းလျက်ရှိသည်။ အကြမ်းဖက်အဖျက်သမားများကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လျှပ်စစ်ဓာတ်အား အခြေခံအဆောက်အအုံများကို ပြုပြင်ပြီးနောက် လုံခြုံရေးအစီအမံများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိစက်ရုံများကို ပြောင်းလဲအသုံးပြုခြင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များမှတစ်ဆင့် ရေနံနှင့်သဘာဝဓာတ်ငွေ့အရင်းအမြစ်များမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အကြမ်းဖက်အဖျက်သမားများနှင့် ပြည်ပမှ ဖိအားပေး အကျပ်ကိုင်မှုများ မည်သို့ပင်ရှိသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများအကျိုးစီးပွားကို မျက်ခြည်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် မေ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သာသနာ့ပါလ(မြိတ်)ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ရှိ ပျော်ဘွယ်ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ရွှေတောင်ဓမ္မဝိဟာရ ကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်ဝတီစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ မဟာစေတျာရာမဘုရားကြီး ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ်ရှိ ဓာတ်စွမ်းဟုန်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်စေရေး အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ပြီး နည်းပညာကျွမ်းကျင်မှု အရည်အသွေးမြင့်မားလာစေရန်အတွက် အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲ အမှတ်စဉ်(၁)ကို ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ယနေ့နံနက် ၁၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။



အဆိုပါသင်တန်းဆင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဆန်းဝင်းနှင့် ခရိုင်ဦးစီးမှူး ဒေါ်လှလှဌေး၊ သင်တန်းဆရာများ၊ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဆန်းဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် အခြေခံကွန်ပျူတာသင်တန်းတွင် ဝန်ထမ်းတိုင်း ဒစ်ဂျစ်တယ်နည်းပညာ၊ ကွန်ပျူတာ၊ အင်တာနက်အသုံးချမှုနှင့် အခြေခံသဘောတရားများ နားလည်တတ်ကျွမ်းပြီး ရုံးလုပ်ငန်းများတွင် ခေတ်မီအိုင်တီနည်းပညာကို အသုံးချကာ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် အခြေခံသင်တန်းမှ အဆင့်မြင့်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသည့် နောက်ပိုင်းတွင်လည်း ဆက်လက်ဆည်းပူးလေ့ကျင့် သွားကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လေရှီးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်

လေရှီး မေ ၂၃

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၌ စစ်ဆေးရေးဂိတ်များဖွင့်၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကာကွယ်ဆေးမထိုးနှံရသေးသူများအား မြို့နယ်ဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ ထိုးနှံပေးခြင်း၊ မှတ်ပုံတင်ကတ်များစစ်ဆေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက အဖွဲ့ငါးဖွဲ့ဖြင့် ကျေးရွာအုပ်စု ၁၄ အုပ်စုသို့ မြေပြင်ကွင်းဆင်း၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးဂိတ်များမှာ မြို့မဂိတ်၊ အောင်မင်္ဂလာဂိတ်၊ ဆွမ္မရာမြို့ အဝင်/ အထွက်ဂိတ်များနှင့် ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ ကျေးရွာများမှာ ဟိန်ကွတ်၊ ဖွန်သရက်၊ ပန်ဆပ်၊ ကူကီး၊ ကုံကိုင်လုံ၊ နမိယူပီ၊ ချယ်ရာ၊ မသော်ရီ၊ ရော်ပါးမီ၊ ဝမ်းဘဲ၊ ထိန်ဖိုင်ရန်၊ ရန်နွေး၊ လေတိန်၊ ဖွေလင်ကျေးရွာရှိ ဒေသခံပြည်သူ စုစုပေါင်း ၁၂၇၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**


| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်အိအိမွန် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၏ သားကောင်းတမန်မဂ္ဂဇင်း ထုတ်ဝေခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်းဖြစ်သော သားကောင်းတမန်မဂ္ဂဇင်း ထုတ်ဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ၂၀၂၁ ခုနှစ်၏ သားကောင်းတမန်မဂ္ဂဇင်း ထုတ်ဝေရေးကော်မတီဝင်များ၊ စာမူရှင်များ၊ ကြော်ငြာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အမှာစကားပြောကြားပြီး စာမူရှင်များကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်ဆွေ(အငြိမ်းစား)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**(၂၃)ကြိမ်မြောက် ထုတ်ဝေ**

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ နှစ်ပတ်လည်မဂ္ဂဇင်းများကို ၁၉၉၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ယခုထုတ်ဝေသော ၂၀၂၁ ခုနှစ် သားကောင်းတမန်မဂ္ဂဇင်းသည် (၂၃)ကြိမ်မြောက်ထုတ်ဝေသော စာအုပ်ဖြစ်၍ ထိုမဂ္ဂဇင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝါရင့်သံတမန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ပြင်ပစာမူရှင်များက ၎င်းတို့ ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံဗဟုသုတများ၊ သံတမန် ရေးရာနှင့် နိုင်ငံတကာရေးရာများကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် သုတ၊ ရသစုံလင်စွာရေးသားထားကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၏ သားကောင်းတမန်မဂ္ဂဇင်း ထုတ်ဝေခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေး အကြိုလှုပ်ရှားမှု အနန္တရတနာမြေ – မြောက်ဦး ဓာတ်ပုံပြပွဲဖွင့်ပွဲ ကျင်းပ

**စစ်တွေ မေ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ရခိုင်ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မြောက်ဦးမြို့ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ပညာသာမိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားသည်။

**တက်ရောက်ဖွင့်လှစ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အံတော်သိမ်ပုထိုးတော်ကြီး ဓမ္မသာလဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် အနန္တရတနာမြေ – မြောက်ဦး ဓာတ်ပုံပြပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်သည်။



ဓာတ်ပုံပြပွဲအခမ်းအနားဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး အဆိုပြုစာတွဲအပြည့်အစုံကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီပေးပို့ခဲ့ပြီး ဖြစ်ကြောင်း၊ အနန္တရတနာမြေ– မြောက်ဦး ဓာတ်ပုံပြပွဲကို ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး စစ်တွေ၊ သံတွဲ၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့် ပုဂံမြို့များတွင် ဆောင်ရွက်ရန်လျာထားသည်ဟုသိရကြောင်း၊ အနန္တရတနာမြေ – မြောက်ဦး ဓာတ်ပုံပြပွဲတွင် မြောက်ဦးဒေသခံ ဓာတ်ပုံပညာရှင်များက ဓာတ်ပုံ ၁၂၀ ကို ခင်းကျင်းပြသသွားမည်ဟု သိရကြောင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်းဖြင့် မြောက်ဦးမြို့သာမက ရခိုင်ပြည်နယ်ရှိ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများပါ တစ်ဆက်တည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီးက အနန္တရတနာမြေ – မြောက်ဦး ဓာတ်ပုံပြပွဲနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အနန္တရတနာမြေ – မြောက်ဦး ဓာတ်ပုံပြပွဲတွင် ပြသထားသောဓာတ်ပုံများကို လှည့်လည်ကြည့်ရှုပြီး အံတော်သိမ်ဘုရား၊ ချိန်ကိုက်ပိဋကတ်တိုက်နှင့် လောင်ပွန်းပြောက်စေတီများအား ဖူးမြော်ကြည်ညိုပြီး ရှားပါးအနုပညာလက်ရာများကို သဘာဝနှင့် လူတို့ပယောဂကြောင့် မပျောက်ပျက်မဆုံးရှုံးစေရေး စနစ်တကျကာကွယ်ထိန်းသိမ်းရန် မှာကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြောက်ဦးနန်းတော်၊ မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ခင်းကျင်းထားမှု၊ စစ်တွေမြို့ရှိ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်၊ လောကာနန္ဒာဘုရား ဘက်စုံပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လောကာနန္ဒာဘုရား ဘက်စုံပြုပြင်နိုင်ရန်နှင့် ဗုဒ္ဓပြတိုက်ရှိ စကြာမုနိရုပ်ပွားတော်မြတ်အတွက် လှူဒါန်းငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်တွင်း ပြည်ပခရီးသွားများ အထူးနှစ်ခြိုက်သော ထနောင်းပင်တွင်ချိတ်ဆွဲထားသည့် ရုပ်သေးရုပ်များနှင့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ပြသထားမှုကိုတွေ့ရစဉ်။

**✻ ရှေ့ဖုံးမှ**

ပြည်တွင်း ပြည်ပခရီးသွား မျှော်ရတဲ့ဒေသဆိုတော့ ဧပြီ ၁၂ ရက် ကစပြီး ခရီးသွားစည်ကားခဲ့တာ ဒီနေ့ထိ ခရီးသွားတွေရှိနေသေးတယ်။ ဒီလဟာ ခရီးသွားရာသီနောက်ဆုံးလဖြစ်တဲ့အတွက် နှစ်နှစ်ကျော်ခရီးသွားတိတ်ဆိတ်ခဲ့တဲ့ပုဂံဟာ သင်္ကြန်ကာလမှာ ဈေးရောင်းဈေးဝယ်အကောင်းဆုံးဖြစ်ခဲ့လို့ ဒေသခံတွေ ဝမ်းသာနေကြတယ်။ အားလုံးအလုပ်ဖြစ်တယ်။ ကိုဗစ်ကာလ စီးပွားရေးကျပ်တည်းနေချိန်မှာ အခုလို မထင်မှတ်ဘဲ စီးပွားရေးအခွင့်အလမ်းရရှိတာ မြင်တွေ့ရတဲ့အပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတကာလေကြောင်းလိုင်းတွေ ဖွင့်ပြီဆိုတော့ နိုင်ငံတကာခရီးသွားတွေကို ကျွန်တော်တို့ ပုဂံဒေသက လက်ကမ်းလို့ကြိုနေပါတယ်”ဟု မြင်းကပါဘုရားဂေါပကအဖွဲ့အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

သင်္ကြန်ကာလတွင် ပုဂံဒေသ၌ ဖွင့်လှစ်ထားသော ဟိုတယ်နှင့် တည်းခိုခန်းများ ပြည့်ခဲ့ပြီး ဘုန်းကြီးကျောင်းများနှင့် နေအိမ်အချို့တွင် တည်းခိုရသည်အထိ ခရီးသွားဝင်ရောက်မှုစည်ကားခဲ့ကာ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ တစ်ရက်လျှင် ခရီးသွားသိန်းချီ၍ ပုဂံဘုရားများသို့ ဝင်ရောက်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

“သင်္ကြန်ကာလအကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်းတစ်ရက်နေ့ ခရီးသွားအများဆုံးပဲ။ ဒီနှစ်ခရီးသွားများလိမ့်မယ်လို့ ဘယ်သူမှမထင်ထားကြဘူး။ ဘုရားနားကဈေးတန်းတွေ၊ အဝတ်အထည်နဲ့ ဒေသထွက်ကုန်ဆိုင်တွေဆိုရင် တစ်ရက်ကို သိန်းဆယ်ချီပြီး ရောင်းရတာ။ ကျွန်တော်တို့ လက်ပန်းချီဆိုရင်လည်း မနားရဘူး။ နေ့စဉ်ဝင်ငွေသိန်းချီဝင်တယ်။ နိုင်ငံခြားသားတွေလည်း လာတယ်၊ နည်းတော့နည်းတယ်။ သင်္ကြန်ကာလမှာ လုံးဝမထင်ထားတဲ့ စီးပွားရေးအခွင့်အလမ်းတစ်ခု ပုဂံဒေသခံတွေ ရခဲ့တယ်လို့ဆိုရမှာပါ။ ခရီးသွားကိုမျှော်ပြီး လုပ်ကိုင်စားရတဲ့ဒေသဆိုတော့ သူတို့လာမယ်လို့ အသံကြားရတာနဲ့ ပျော်နေကြတာဗျ။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေ စုဝေးနေတဲ့ ပုဂံဒေသအနေနဲ့ ပြည်တွင်းပြည်ပခရီးသွားများကို ထာဝရကြိုဆိုနေပါတယ်” ဟု မြင်းကပါဘုရားအနီးမှ လက်ဆွဲပန်းချီ ရေးဆွဲသော ဦးဇေယျာသန်းက ပြောသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ မေးမြန်းမှုများဖြေကြား

နေပြည်တော် မေ ၂၃

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် AP သတင်းဌာန၊ ရိုက်တာသတင်းဌာန၊ South China Morning Post သတင်းဌာနနှင့် Straits Times သတင်းဌာန၊ China Central Television(CCTV) သတင်းဌာန၊ People's Daily သတင်းဌာနနှင့် ဆင်ဟွာသတင်းဌာနတို့မှ သတင်းထောက်များကို မေ ၂၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမများ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**(ယမန်နေ့မှအဆက်)**

**People's Daily သတင်းဌာန** သတင်းထောက်၏ **မြန်မာနိုင်ငံတွင် လတ်တလော လောင်စာဆီနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုရှိနေပြီး လောင်စာဆီ အခက်အခဲကို အချိန်တိုအတွင်း ရေနံချက်စက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် မဖြစ်နိုင်ပါကြောင်း၊ ပြီးခဲ့သည့် တရုတ်နှင့် မြန်မာ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr Wang Yi က တရုတ်နှင့်မြန်မာ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းသွယ်တန်းထားရှိမည်ဆိုပါက လျှပ်စစ်ဓာတ်အား မျှဝေပေးရန်ဖြစ်နိုင်သည်ဟု ပြောကြားခဲ့ပါကြောင်း၊ သို့အတွက် မြန်မာနိုင်ငံအနေဖြင့် ဓာတ်အားပြတ်လပ်မှုကို လျော့ပါးစေရန် ယခုကဲ့သို့ အကြံပြုချက်အပေါ် မည်သို့ထင်မြင်ပါသနည်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အိမ်နီးချင်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို နယ်စပ်ဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အား မျှဝေပေးလိုခြင်းသည် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုပြဿနာရပ်ကို ဖြေရှင်းနိုင်ရန် အလွန်ကောင်းမွန်သည့် အဖြေတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နှင့် မြန်မာ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းသွယ်တန်းမှု စီမံကိန်းသည် China-Myanmar Economic Corridor Cooperation ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းမှု စီမံကိန်းများရှိသည်ဟု သိရပါကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမှု စီမံကိန်းဆွေးနွေးပွဲများလည်း ပြုလုပ်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံနှင့် စီမံကိန်းဆောင်ရွက်ရန် အဓိက ဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားလိုင်းဖြန့်ဝေမှုမှ လျှပ်စစ်ဓာတ်အား လက်ခံရရှိမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

## သိမြင်နားလည်နိုင်မှုအားနည်း

ဆက်လက်၍ **မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် အရင်းအမြစ် လုံလောက်သော်လည်း အဘယ်ကြောင့် စိတ်ဝင်စားမှုမရှိပါသလဲ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံတွင် အနောက်နိုင်ငံ NGOs များက အထူးသဖြင့်တရုတ်နိုင်ငံအကူအညီဖြင့်တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများကို ဆန့်ကျင်ကန့်ကွက်လျက်ရှိပါကြောင်း၊ အနောက်အုပ်စုအနေဖြင့် မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်မည်ကို ဟန့်တားလိုခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းအင်အားစုများအနေဖြင့် ရေအားလျှပ်စစ်ထုတ်ယူရာတွင် မြစ်ရေကိုတားဆီး၍ ဆည်များတည်ဆောက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိသည်ဟု ထင်မြင်နေပါကြောင်း၊ ရေအားလျှပ်စစ်ဓာတ်ထုတ်ယူမှုမှ အကျိုးကျေးဇူးများစွာရှိသည်ကို သိမြင်နားလည်နိုင်မှု အားနည်းနေကြသဖြင့် ဆန့်ကျင်ကန့်ကွက်မှုများ ရှိနေပါကြောင်း၊ ရေအားလျှပ်စစ်မှ စွမ်းအင်အလုံအလောက်ရရှိနိုင်ပြီး မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်မှု အခြေအနေကောင်းများစွာရှိသည်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရပါကြောင်း၊ အစိုးရအနေဖြင့် ကြားကာလတစ်ခုတွင် တာဝန်ထမ်းဆောင်ရခြင်းဖြစ်သော်လည်း နိုင်ငံအတွက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရန် အလတ်စား ရေတိုရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့တွေ့ရသလောက် နိုင်ငံတော်တော်များများတွင် ရေအားလျှပ်စစ်စီမံကိန်းများကို အသုံးပြုကြပါကြောင်း၊ သို့သော် မိမိတို့နိုင်ငံတွင် ပြည်သူများ၏ အနေအထားနှင့် နိုင်ငံရေးနှင့်ဆက်စပ်၍ ရေအားလျှပ်စစ်သည် ယခုကဲ့သို့ ကန့်ကွက်မှုများနှင့် ကြုံတွေ့နေရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ယခုထက်ထိ ကန့်ကွက်မှုများမရှိသေးဟု ပြောကြားလိုပါကြောင်း၊ မိမိတို့သည် နိုင်ငံတော်တာဝန်ခေတ္တထိန်းသိမ်းသည့် အစိုးရဖြစ်သည့်အတွက် ရေရှည်စီမံကိန်းများထက် ရေတိုစီမံကိန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်၍လည်း ရေရှည်လုပ်ရမည့် ရေအားလျှပ်စစ်စီမံကိန်းများထက် ရေတိုဆောင်ရွက်နိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးများနှင့် ဆက်စပ်၍ မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကို အတတ်နိုင်ဆုံး ပြည့်မီအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

## လာရောက်ရင်းနှီးမြှုပ်နှံကြရန် ကြိုဆို

**ကျေးလက်ဒေသများတွင် လျှပ်စစ်မီးပေးနိုင်ရေးအတွက် တရုတ်နိုင်ငံတွင် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ရေပန်းစားပါကြောင်း၊ ကျေးလက်ဒေသရှိ စွမ်းအင်လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ပြီး ဆင်းရဲမှုပပျောက်ရေးအတွက် အကျိုးရှိနိုင်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အဆိုပါလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အလားအလာကို သိရှိလိုပါကြောင်း** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အစိုးရအနေဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် ဆင်းရဲမှုပပျောက်ရေးတို့အတွက် စီမံချက်များထားရှိပါကြောင်း၊ ရေအားလျှပ်စစ်အပြင် ဇီဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင် အစရှိသည်တို့မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအနေဖြင့် ၃၀ မဂ္ဂါဝပ်ထက် မပိုသည့် စီမံကိန်းများကို ဗဟိုအစိုးရထံ ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ခွင့်ပြုပေးနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအသစ်တစ်ခုဖြစ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဖွဲ့စည်းထားရှိပြီး ကျေးလက်ဒေသအတွင်း ဆောင်ရွက်သည့် စီမံကိန်းများကို ခွင့်ပြုပေးကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အငယ်စား လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းတွင် နည်းပညာနှင့် လက်တွေ့လုပ်ငန်းပိုင်းဆိုင်ရာအရ ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များကို အဆိုပါ စီမံကိန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ကြိုဆိုပါကြောင်း၊ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် မိမိတို့အနေဖြင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**မကြာသေးမီက ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များအရ တရုတ်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့်**မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများကို ဥပဒေဘောင်အတွင်းမှ အကာအကွယ်ပေးခြင်း၊ လုံခြုံမှုပေးခြင်းတို့ လုပ်ဆောင်လျက်ရှိသည်ဟု ဦးစွာပြောကြားလိုပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အထူးသဖြင့် ရန်ကုန်မြို့၌ ဆိုးရွားသည့် အဖြစ်အပျက်များ တွေ့ကြုံခဲ့ရပါကြောင်း၊ လှိုင်သာယာစက်မှုဇုန်ရှိ တရုတ်ကုမ္ပဏီတချို့၏ စက်ရုံများ မီးရှို့ဖျက်ဆီးသည့်လုပ်ရပ်များ ကြုံတွေ့ခဲ့ရပါကြောင်း၊ လှိုင်သာယာမြို့နယ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မာရှယ်လ်လော ကြေညာထားသည့်နေရာဖြစ်ပြီး အဆိုပါနယ်မြေကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ယူစောင့်ရှောက်ပေးနေသည့်အတွက် အလားတူဖြစ်ရပ်မျိုး မဖြစ်ပေါ်တော့ပါကြောင်း၊ ထိုကဲ့သို့ ထပ်မံမဖြစ်ပွားစေရန်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကာကွယ်စောင့်ရှောက်ရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ မြန်မာအသိုက်အဝန်းများမှ တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် အကောင်းမမြင်စေရန်၊ မှားယွင်းအပြစ်တင်စေရန် နောက်ကွယ်မှ အနောက်နိုင်ငံတို့က သွေးထိုးပေးနေခြင်းဖြစ်ပါကြောင်း၊ တရုတ်အပါအဝင် ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံများအကြား နှစ်ဦးနှစ်ဖက် အထင်အမြင်မမှားစေရန် ကော်မရှင်က အသိပညာပေးလုပ်ငန်းများလည်း လုပ်ဆောင်ပေးနေပါကြောင်း၊ အလားတူ ဖြစ်ရပ်ဆိုးများ မဖြစ်ပွားတော့ဘဲ လုံခြုံရေးပိုမိုကောင်းမွန်နေပြီ ဖြစ်ပါကြောင်း ဖြေကြားသည်။

**စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားငွေလဲနှုန်းများ အဆင်ပြေချောမွေ့စေရန် တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများကို မည်သို့အာမခံပေးနိုင်မည်၊ အမေရိကန်ဒေါ်လာစီးဆင်းမှု တင်းကျပ်ခြင်းနှင့်အတူ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍကို အမေရိကန်နှင့် အနောက်နိုင်ငံများက ပိတ်ဆို့ထားသည့်အချိန်၌ အရောင်းအဝယ်ပြုလုပ်ရာတွင် အဘယ်ကြောင့် RMB ကို အစားထိုးမသုံးစွဲရပါသလဲ** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အလားတူ စီးပွားရေးပိတ်ဆို့မှုကို လွန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်အတွင်း အမေရိကန်နှင့် အနောက်နိုင်ငံများက လုပ်ဆောင်ခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့် ၎င်းတို့လုပ်ရပ်အပေါ် အရေးယူဂရုစိုက်မှုမရှိပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အမေရိကန်နှင့် အနောက်နိုင်ငံများမှ Chevron and Total တို့၏ ရင်းနှီးမှုပမာဏသည် ၁၀ ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ မြန်မာပြည်မှ ထွက်ခွာသွားကြသည့် ကုမ္ပဏီသုံးခု၏ ရှယ်ယာများကို ကျန်ရှယ်ယာရှင်များက ရယူကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းများရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းများရှိမည်မဟုတ်ကြောင်း၊ တရုတ်ငွေကြေး RMB ကို နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် အသုံးပြုပေးချေနိုင်ရန် ပထမအဆင့် လုပ်ဆောင်လျက်ရှိပါကြောင်း၊ တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ သွင်းကုန် ပို့ကုန်လုပ်ငန်းများတွင် အသုံးပြုရန်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## မိမိတို့နိုင်ငံအတွက် ကြီးမားသည့်ပြဿနာမရှိ

**ဆင်ဟွာသတင်းဌာန၏ မကြာသေးမီက မြန်မာပြည်က ထွက်သွားသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ရာခိုင်နှုန်းမည်မျှရှိကြောင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာပြည်က ထွက်သွားသည့်ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီသုံးခုလုံးပေါင်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းသည် ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ Total Energies ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်ရှိသည့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သုံးရာခိုင်နှုန်းသာရှိကြောင်း၊ ထို့အတူ Chevron ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၁ ဒသမ ၆ ရာခိုင်နှုန်း၊ Woodside ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၅ ဒသမ ၂၅ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကုမ္ပဏီများ ထွက်ခွာသွားခြင်းသည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် ပြဿနာမရှိကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

**စာမျက်နှာ ၅ သို့ »»»**

»»» **စာမျက်နှာ ၄ မှ**

အရေးကြီးသည်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၇ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းကုမ္ပဏီ သုံးခုပေါင်း ရင်းနှီးမြှုပ်နှံမှုထက် ပိုများပါကြောင်း၊ ယင်းကုမ္ပဏီများ ထွက်သွားသော်လည်း စာချုပ်များအရ ယင်းထွက်သွားသည့်နေရာများတွင် အခြားသူများ ပြန်လည်နေရာယူကြမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ လျော့သွားရန်မရှိကြောင်း ဖြေကြားသည်။

**ဆက်လက်၍ မီးလင်းချိုင် စီမံကိန်းလက်ရှိအခြေအနေနှင့် ယင်းစီမံကိန်းက မြန်မာလူမှုစီးပွားဘဝအတွက် မည်သို့အကျိုးစီးပွားများ ဖော်ဆောင်ပေးနိုင်မည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ မီးလင်းချိုင်**စီမံကိန်းသည် မိမိတို့တိုင်းပြည်အတွက် လိုအပ်သည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပြင် **မီးလင်းချိုင်**မှ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအထိ ဓာတ်အားဖြန့်ဖြူးပေးမည့် မဂ္ဂါဝပ် ၅၀၀ Transmission လိုင်းဆွဲပေးရန်ရှိကြောင်း၊ မဂ္ဂါဝပ် ၁၉၀၀ ခန့် ထုတ်ပေးနိုင်မည်ဖြစ်သည့်အတွက် ကြီးမားသည့် စီမံကိန်းဖြစ်ပြီး တိုင်းပြည်အတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ လျှပ်စစ်ကဏ္ဍတွင်ရှိသည့် အခြေခံအဆောက်အအုံ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**ကျော်လွှားအောင်မြင်နိုင်မည်ဟု မျှော်လင့်**

ဆင်ဟွာသတင်းဌာန သတင်းထောက်၏ **လက်ရှိတွင် အာရှနိုင်ငံများ၏ စီးပွားရေး အကျပ်အတည်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို** ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အာရှနိုင်ငံများ၊ အထူးသဖြင့် အာဆီယံနိုင်ငံများသည် ကိုဗစ်-၁၉ ကပ်ရောဂါဘေး တွေ့ကြုံနေကြရသည့်အတွက် စီးပွားရေးအပေါ် ဆိုးကျိုးရိုက်ခတ်မှုများရှိပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ရုရှား-ယူကရိန်း အရေးကိစ္စသည်လည်း ရိုက်ခတ်မှုဖြစ်ပြီး တတိယအနေဖြင့် geopolitical issues ဖြစ်သည့် တောင်တရုတ်ပင်လယ်တွင်း အရေးကိစ္စများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းလွတ်စပြုလာပြီဖြစ်သော်လည်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို အပိုဆောင်းရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ရုရှား-ယူကရိန်းဖြစ်ရပ်မှ တိုက်ရိုက်ရိုက်ခတ်မှုမရှိသော်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ဈေးနှုန်းများ မြင့်တက်လာမှုသည် သွယ်ဝိုက်ရိုက်ခတ်မှုဖြစ်ပါကြောင်း၊ ကမ္ဘာ့အဝှမ်း အစားအသောက်ဈေးနှုန်းများ မြင့်တက်မှုတွင် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် အားသာချက်ရှိပါကြောင်း၊ မြန်မာအပါအဝင် အာဆီယံနိုင်ငံများအားလုံးသည် အဆိုပါ တွေ့ကြုံနေရမှုများမှ ကျော်လွှားအောင်မြင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**ကိုဗစ်အလွန် မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန်နှင့်စပ်လျဉ်းသည့် မေးခွန်းကို** ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ကုစားမှုအစီအမံထားရှိပြီး စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများထုတ်ပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံနှင့် Economic Corridor Cooperation နှင့် ဆက်စပ်သည့် တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်စတင်မည်ဖြစ်သည့်အတွက် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများရှိပါကြောင်း၊ ဥပမာအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အရည်အချင်း ပြည့်ဝသည့် တရုတ်နိုင်ငံမှ အကူအညီများစွာ ရရှိမည်ဖြစ်ပါကြောင်း၊ မကြာမီ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းသွယ်တန်းမှုလုပ်ငန်းများ လုပ်ဆောင်တော့မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို မြန်မာနိုင်ငံကတင်ပို့ပြီး တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းနေပါကြောင်း၊ မြန်မာက လုပ်သားအင်အားရှိပြီး တရုတ်နိုင်ငံက နည်းပညာနှင့် ငွေကြေးအရင်းအနှီးရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံ အကျိုးကျေးဇူးများ ခံစားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနှင့် အာဆီယံနိုင်ငံများအပါအဝင် အနာဂတ် အာရှစီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် တရုတ်နိုင်ငံသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ အာဆီယံကုန်ကြမ်းပစ္စည်းနှင့် ကုန်ချောတဖြစ်လဲ ပို့ကုန်အများစုကို တရုတ်နိုင်ငံက ဝယ်ယူနေခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

**ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးနိုင်ငံဖြစ်**

ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် မည်သည့်အတွက်ကြောင့် ရင်းနှီးမြှုပ်နှံသင့်ကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို** နိုင်ငံတိုင်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့မရှိကြောင်း၊ နေရာနည်းနည်းတွင်သာ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှိကြောင်း၊ ယင်းအထဲတွင် မြန်မာနိုင်ငံပါဝင်ကြောင်း၊ မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်ရှိသည့် ရှားရှားပါးပါးနိုင်ငံများထဲက တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတချို့သည် အမြဲတမ်း ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်နေသည့်နိုင်ငံများ ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်း ပတ်ဝန်းကျင်နိုင်ငံများကို အေးဆေးလွယ်ကူစွာ သဘာဝဓာတ်ငွေ့ ရောင်းချနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ အမြဲတမ်း ပြင်ဆင်ပြောင်းလဲလုပ်ကိုင်ပေးနေကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အကျိုးအမြတ်ရှိအောင်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် အမြဲတမ်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးနေကြောင်း၊ အထူးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကယခုကိစ္စကို အလေးထားဆောင်ရွက်ပေးနေကြောင်း၊ ထို့ကြောင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင်မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများထဲ၌ ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးနိုင်ငံဖြစ်သည်ဟု ပြောကြားလိုကြောင်း ဖြေကြားသည်။

**အလားတူ အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများကြောင့် မြန်မာ့စီးပွားရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** ယင်းအရေးယူ ပိတ်ဆို့မှုများသည် အစိုးရအပေါ် သက်ရောက်မှုမရှိကြောင်း၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအပေါ်သာ သက်ရောက်မှုရှိကြောင်း၊ အမေရိကန်ဒေါ်လာကို အလွယ်တကူ သုံးစွဲမရခြင်း၊ ငွေလွှဲလုပ်မရခြင်း၊ မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ အခက်အခဲပေါ်ခြင်း၊ ယင်းအရေးယူပိတ်ဆို့မှုကြောင့် အချို့စက်ရုံများ ပိတ်သိမ်းသွားခြင်း၊ ထိုသို့ ပိတ်သိမ်းခြင်းကြောင့် မြန်မာနိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရခြင်းများရှိကြောင်း၊ အစိုးရအတွက် ဘာမျှမဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လိုအပ်သည့်ပြင်ဆင်မှုများ ကြိုတင်စဉ်းစားဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယင်းသို့ပိတ်ဆို့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာကြောင်း ဖြေကြားသည်။

**အရေးယူပိတ်ဆို့မှုများသည် အစိုးရအပေါ် သက်ရောက်မှုမရှိကြောင်း၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအပေါ်သာ သက်ရောက်မှုရှိကြောင်း၊ အမေရိကန်ဒေါ်လာကို အလွယ်တကူသုံးစွဲမရခြင်း၊ ငွေလွှဲလုပ်မရခြင်း၊ မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ အခက်အခဲပေါ်ခြင်း၊ ယင်းအရေးယူပိတ်ဆို့မှုကြောင့် အချို့စက်ရုံများ ပိတ်သိမ်းသွားခြင်း၊ ထိုသို့ ပိတ်သိမ်းခြင်းကြောင့် မြန်မာနိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရခြင်းများရှိကြောင်း၊ အစိုးရအတွက် ဘာမျှမဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လိုအပ်သည့်ပြင်ဆင်မှုများ ကြိုတင်စဉ်းစားဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယင်းသို့ပိတ်ဆို့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာ**

**ဆက်လက်၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်ပေးရန် စီစဉ်ဆောင်ရွက်နေခြင်း ရှိ၊ မရှိ သိလိုကြောင်းမေးခွန်းကို** မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တင်ပြလာသည့် အဆိုပြုချက်များကို အမြန်ဆုံးခွင့်ပြုဆောင်ရွက်ပေးနေကြောင်း၊ တိုင်းပြည်အတွင်း လက်ရှိလုပ်ကိုင်နေသည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်နှင့် ယခင်ထက် ပိုမိုလွယ်ကူစေရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ အသစ်လာမည့် ရင်းနှီးမြှုပ်နှံမှုများအတွက်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် သွားရောက်ဆက်သွယ် လုပ်ကိုင်သည့်အခါ ပိုမိုမြန်ဆန်သွက်လက်အောင် (SoP)စံပြု လုပ်ထုံးလုပ်နည်းများ ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ယင်းလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပါက မြန်ဆန်ချောမွေ့သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို သိရှိလိုသည်များ မေးမြန်းလိုသည့်အခါ ယခင်ကကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်စရာမလိုဘဲ အွန်လိုင်းကတစ်ဆင့် မေးမြန်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း ဖြေကြားသည်။

**ငြိမ်းချမ်းရေးသည် တိုင်းပြည်အတွက်အရေးကြီး**

**ထို့ပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုက တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် ဆက်စပ်စီမံကိန်းများအပေါ် မည်သို့သက်ရောက်မှုရှိနိုင်သည်ကို သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍** တရုတ်-မြန်မာ နယ်စပ်တွင် တချို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မငြိမ်မသက်မှုများ၊ ဖျက်လိုဖျက်ဆီးမှုများလုပ်သည့် ကိစ္စရပ်များရှိကြောင်း၊ ဥပမာအနေဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြားတွင် ရထားလမ်းစီမံကိန်း လုပ်ဆောင်မည်ဆိုပါက နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဖျက်လိုဖျက်ဆီးမလုပ်မှ စီမံကိန်းလုပ်ဆောင်မှု မြန်ဆန်သွက်လက်မှုရှိမည်ဖြစ်ကြောင်း၊ ဝင်ရောက်ဖျက်လိုဖျက်ဆီးလုပ်နေပါက စီမံကိန်းလုပ်ရသည့်အပိုင်းတွင် နှောင့်နှေးမှုများ ရှိနေမည်ဖြစ်ကြောင်း၊ တည်ငြိမ်သည့်ဒေသတွင် လုပ်ဆောင်ရသည့် စီမံကိန်းမှာ မည်သည့်အခက်အခဲမျှ မရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း ငြိမ်းချမ်းရေးသည် တိုင်းပြည်အတွက်အရေးကြီးကြောင်း၊ အစိုးရအနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြောင်း ဖြေကြားသည်။

**အလားတူ မြန်မာနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုများအပေါ် အနောက်နိုင်ငံများက မည်သို့လုပ်ဆောင်ခဲ့ပြီး ယင်းလုပ်ဆောင်ချက်များကြောင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအပေါ် မည်သည့်ဆိုးကျိုးများဖြစ်စေသည်ကို သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍** မိမိအမြင်ကို ပြောရလျှင် မိမိတို့တိုင်းပြည်ကို အနောက်နိုင်ငံများ ဝင်ရောက်စွက်ဖက်ခြင်းသည် တရုတ်နိုင်ငံ၏ အင်အားကြီးထွားမှုနှင့် လွှမ်းမိုးမှုကို ၎င်းတို့က စိုးရိမ်မှုကြောင့်ဖြစ်ပြီး မိမိတို့တိုင်းပြည်ကို မငြိမ်မသက်ဖြစ်အောင် ဖန်တီးလာခြင်းဖြစ်သည်ဟု မြင်ကြောင်း၊ မိမိတို့တိုင်းပြည်တွင် ၎င်းတို့ ကြိုးကိုင်နိုင်သည့် အစိုးရ၊ လိုအပ်သလို ချယ်လှယ်နိုင်သည့် အစိုးရတစ်ရပ်ပေါ်ထွက်လာအောင် နည်းမျိုးစုံဖြင့် ကြိုးစားနေခြင်းဖြစ်ကြောင်း၊ ယင်းအစိုးရမျိုး မြန်မာနိုင်ငံတွင်ဖြစ်လာလျှင် ပထဝီနိုင်ငံရေးအရ ဒေသတွင်းဟန်ချက်ကို ကစားနိုင်သည်ဟုယူဆပြီး မြန်မာနိုင်ငံအား မငြိမ်မသက်ဖြစ်အောင် လုပ်ဆောင်သည်ဟု မြင်ကြောင်း၊ လတ်တလောတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေး မတည်မငြိမ်ဖြစ်သည့်အတွက်ကြောင့် ဆိုးကျိုးအနေဖြင့် ပတ်ဝန်းကျင်နိုင်ငံများတွင် စစ်ဘေးရှောင်များ ရောက်ရှိသွားခြင်းများရှိကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများတွင် အခက်အခဲဖြစ်ပေါ်ခြင်းများရှိကြောင်း၊ ဥပမာ ထိုင်း-မြန်မာနယ်စပ်တွင် နယ်မြေမငြိမ်မသက်မှုများဖြစ်နေကြောင်း၊ ယင်းကြောင့် အာရှလမ်းမကြီးကို အပြည့်အဝလုံခြုံစွာ အသုံးမပြုနိုင်သည့်အတွက် ထိုင်း-မြန်မာ ပို့ကုန်/သွင်းကုန်များ ကုန်စည်စီးဆင်းမှု အခက်အခဲရှိလာပြီး အိမ်နီးချင်း ထိုင်းနိုင်ငံကိုပါ သက်ရောက်မှုရှိကြောင်း ဖြေကြားသည်။

**ကန့်သတ်မှုများရှိနေ**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖြည့်စွက်ပြောကြားရာတွင် မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းသည့်အခါ နိုင်ငံအားလုံး၏အားကို လိုအပ်ပါကြောင်း၊ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများ၏အားကို ပို၍လိုအပ်ပါကြောင်း၊ အနောက်နိုင်ငံများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အပြန်အလှန်ယုံကြည်မှုများနှင့် သွားလိုပါကြောင်း၊ ပတ်ဝန်းကျင်နိုင်ငံများအနေဖြင့်လည်း မိမိတို့နှင့်ပူးပေါင်းလိုကြပါကြောင်း၊ သို့သော်လည်း အနောက်နိုင်ငံများ၏ ဖိအားများကြောင့် ကန့်သတ်မှုများရှိနေပါကြောင်း။

ထို့ကြောင့် ပြည်သူများ နစ်နာပါကြောင်း၊ အမေရိကန်ကဲ့သို့ အင်အားကြီးသည့် နိုင်ငံအနေဖြင့် နိုင်ငံငယ်အပေါ်စစ်မှန်သောစေတနာဖြင့် ဒီမိုကရေစီနိုင်ငံတစ်ခုကို ရောက်စေလိုပါက အခြားနည်းလမ်းများဖြင့် လက်တွဲဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာ သွားလိုပါကြောင်း၊ နိုင်ငံတကာကိုလည်း လေးစားပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် အားလုံးအပေါ်တွင် လေးစားမှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

# လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ် ကြိုးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ရွေးကြစို့

ကိုရင်အောင်မိုး(MOALI)

ယနေ့ကမ္ဘာမှာ ကပ်ရောဂါလွန်ကာလ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အားယူနေကြပြီဖြစ်သလို ငွေကြေးမတည်ငြိမ်မှုနဲ့ စီးပွားရေးကျပ်တည်းမှုတွေက လွတ်မြောက်ရေးကိုလည်း နိုင်ငံအသီးသီးက ကြိုးစားရုန်းကန်နေကြချိန်လည်းဖြစ်ပါတယ်။ အခုလိုအခြေအနေမှာ သက်ဆိုင်ရာမိခင်နိုင်ငံရဲ့ အခြေခံစီးပွားရေးလုပ်ငန်းတွေအပေါ်မူတည်ပြီး လုပ်ငန်းတွေအောင်မြင်စွာလည်ပတ်နိုင်ရေးနဲ့ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အလုပ်အကိုင်ရရှိနိုင်မယ့် အခွင့်အလမ်းတွေကလည်း ကွဲပြားလျက်ရှိကြပါတယ်။

## အလုပ်အကိုင်အခွင့်အလမ်းများစွာရှိ

မည်သို့ပင်ဆိုစေကာမူ ဒစ်ဂျစ်တယ်ထိန်းချုပ်စနစ်နဲ့ ကုန်ထုတ်လုပ်နေတဲ့ စက်မှုနိုင်ငံတွေမှာ လုပ်သားလိုအပ်ချက် လျော့ချမှုတွေရှိပေမယ့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို အခြေခံတဲ့ မိမိတို့နိုင်ငံမှာတော့ အလုပ်အကိုင်အခွင့်အလမ်းများစွာရှိနေပါသေးတယ်။ မိုးလေဝသအခြေအနေအပေါ် သုံးသပ်ဆောင်ရွက်ရတဲ့လုပ်ငန်းတွေ၊ ပိုးမွှားရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေအပြင် အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးလုပ်ငန်းစဉ်တွေပါဝင်လို့ ကျွမ်းကျင်တဲ့ လူသားအရင်းအမြစ် လိုအပ်ချက်က မြင့်မားနေဦးမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူတွေအနေနဲ့ အစိုးရဌာနတွေ၊ ပုဂ္ဂလိကလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ရုံသာမက ကိုယ်တိုင်စွန့်ဦးတီထွင်လုပ်ကိုင်ပြီး လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ် ကြိုးစားနိုင်တဲ့ အခွင့်အလမ်းတွေလည်း ရှိနေပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာမှာလည်း ကျွမ်းကျင်မှုရှိသူကိုသာ လုပ်ငန်းခွင်တွေက ခေါ်ယူအသုံးပြုကြတာဖြစ်သလို ကိုယ်ပိုင်စီးပွားရေးလုပ်ပါကလည်း သမားရိုးကျရုန်းကန်လှုပ်ရှားသူထက် နည်းပညာတွေကို စနစ်တကျ သင်ယူတတ်မြောက်ထားသူက လုပ်ငန်းအောင်မြင်ဖို့ အခွင့်အလမ်း ပိုမိုသာလွန်မှာဖြစ်ပါတယ်။

ဒီလိုပညာရပ်တွေကို မြန်မာနိုင်ငံအနှံ့အပြားက အခြေခံပညာအထက်တန်းပညာ အောင်မြင်ပြီးသူ လူငယ်မောင်မယ်တွေ စိုက်ပျိုးရေးကို အသက်မွေးဝမ်းကျောင်း ပညာရပ်အနေနဲ့ စနစ်တကျ လေ့လာသင်ယူနိုင်ကြစေဖို့ ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဖွဲကပင်၊ လုံပီး၊ ကျောက်တော်၊ ဟုမ္မလင်း စတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေကို တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှာ အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်တွေ မွေးထုတ်ပေးနိုင်ရေး ဖွင့်လှစ်ထားတာဖြစ်ပါတယ်။




## စိုက်ပျိုးရေးနိုင်ငံမှာ များစွာအရေးပါ

တကယ်တော့ စိုက်ပျိုးရေးတက္ကသိုလ်က အဆင့်မြင့်နည်းပညာရှင်တွေလိုပါပဲ၊ စိုက်ပျိုးမွေးမြူရေး အခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူတွေရဲ့ အခန်းကဏ္ဍဟာလည်း ကျွန်တော်တို့မြန်မာနိုင်ငံလို စိုက်ပျိုးရေးနိုင်ငံမှာ များစွာအရေးပါလျက်ရှိနေပါတယ်။ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်တာထက် ခေတ်မီနည်းစနစ်တွေကို အသုံးချလုပ်ကိုင်နိုင်မှသာ အရည်အသွေးမြင့်မားတဲ့ထုတ်ကုန်တွေ၊ ဈေးကွက်ဝင်တဲ့ထုတ်လုပ်မှုတွေ ဖြစ်လာမှာပါ။

တစ်နည်းအားဖြင့် စိုက်ပျိုးရေးပညာ စနစ်တကျတတ်ကျွမ်းလို့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ တိုးပွားလာတာနဲ့အမျှ လယ်ယာကဏ္ဍရဲ့ ထွက်ကုန်ပစ္စည်းအရည်အသွေးနဲ့ ထုတ်လုပ်မှုတန်ဖိုးဟာလည်း သိသိသာသာ တိုးတက်လာမှာဖြစ်ပါတယ်။ နမူနာအနေနဲ့ပြောရရင် သွင်းအားစုတွေမှာပါဝင်တဲ့ ဓာတ်ပစ္စည်းတွေရဲ့အာနိသင်ကို စနစ်တကျသင်ယူသိရှိထားသူအနေနဲ့ ရော်ရမ်းမှန်းဆပြီး အတိုင်းအဆမဲ့ အသုံးပြုမိတာကို ကျော်လွှားနိုင်မှာဖြစ်သလို ခေတ်မီနည်းပညာ ဖြန့်ဝေရေးလုပ်ငန်းတွေမှာလည်း ပညာတတ် အကျိုးဆောင်တောင်သူတွေအဖြစ် အထောက်အကူပြုနိုင်ကြမှာဖြစ်လို့ နည်းပညာပြန့်ပွားရေးကွန်ရက်လည်း ပိုမိုကျယ်ပြန့်ခိုင်မာလာမှာဖြစ်ပါတယ်။

> **တကယ်တော့ စိုက်ပျိုးရေးတက္ကသိုလ်က အဆင့်မြင့်နည်းပညာရှင်တွေလိုပါပဲ၊ စိုက်ပျိုးမွေးမြူရေး အခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူတွေရဲ့ အခန်းကဏ္ဍဟာလည်း ကျွန်တော်တို့မြန်မာနိုင်ငံလို စိုက်ပျိုးရေးနိုင်ငံမှာ များစွာအရေးပါလျက်ရှိနေပါတယ်။ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်တာထက် ခေတ်မီနည်းစနစ်တွေကို အသုံးချလုပ်ကိုင်နိုင်မှသာ အရည်အသွေးမြင့်မားတဲ့ထုတ်ကုန်တွေ၊ ဈေးကွက်ဝင်တဲ့ ထုတ်လုပ်မှုတွေ ဖြစ်လာမှာပါ**

## အရည်အချင်းပြည့်ဝတဲ့သူတွေအဖြစ် မွေးထုတ်ပေး

ဒီလို လက်တွေ့အသုံးချပညာရပ်တွေကို ထိထိရောက်ရောက် သင်ကြားပေးနိုင်ဖို့ သင်ရိုးညွှန်းတမ်းတွေနဲ့ သင်ကြားမှုပုံစံတွေ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရှိပြီးဖြစ်တဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေရဲ့ လက်တွေ့သင်ကြားမှုမှာ ကျောင်းတွေတည်ရှိရာဒေသ၊ ရေမြေ၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ သီးနှံအမျိုးအစားတွေကို ဦးစားပေးစိုက်ပျိုးပြသတာ၊ ဈေးကွက်လိုအပ်ချက်နဲ့ ဈေးကွက်အလားအလာအပေါ် သုံးသပ်နိုင်ရေးကိုပါ စနစ်တကျ ပို့ချပေးနေပါတယ်။ ဒါကြောင့်လည်း မတူညီတဲ့ဒေသအသီးသီးမှာရှိတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေကနေ သီးနှံအလိုက် ကျွမ်းကျင်မှုရှိပြီး အရည်အချင်းပြည့်ဝတဲ့သူတွေအဖြစ် မွေးထုတ်ပေးနေနိုင်တာလည်း ဖြစ်ပါတယ်။

စိုက်ပျိုးရေးသိပ္ပံတွေရဲ့ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး သင်တန်းကာလအတွင်း လယ်ယာသီးနှံစိုက်ပျိုးရေး၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ စိုက်ပျိုးရေးဓာတုဗေဒ၊ စိုက်ပျိုးရေးရုက္ခဗေဒ၊ သီးနှံကာကွယ်ရေး၊ လယ်ယာစက်မှုလက်မှု၊ စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေး၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းပညာဘာသာရပ်တွေ ပို့ချပေးမှာဖြစ်ပြီး ပထမနှစ်နဲ့ ဒုတိယနှစ်မှာ အင်္ဂလိပ်စာဘာသာရပ်၊ ပထမနှစ်သင်တန်းမှာတော့ သင်္ချာ၊ ရူပဗေဒ၊ ICT နဲ့ လူမှုဆက်ဆံရေးကျွမ်းကျင်မှုဘာသာရပ် (Social Skill)တွေ ဖြည့်စွက်ပါဝင်ကာ သင်တန်းတွေအားလုံးမှာ စာတွေ့လက်တွေ့သင်ကြားမှုအချိုးမှာ (၄၀ : ၆၀) ဖြစ်ပါတယ်။ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေမှာ အသက်(၂၂)နှစ်ထက်မကြီးသူ၊ အခြေခံပညာအထက်တန်းကို ဓာတုဗေဒ၊ ရူပဗေဒဘာသာတွဲနဲ့ အောင်မြင်ပြီး ကျန်းမာသန်စွမ်းသူတွေ တက်ရောက်နိုင်ကြပါတယ်။

## ဆက်သွယ်စုံစမ်းနိုင်ကြပြီဖြစ်

ထူးခြားချက်အနေနဲ့ မွေးမြူရေးဒီပလိုမာသင်တန်းကို ယခုနှစ် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကစပြီး ပျဉ်းမနား၊ ပုသိမ်ကြီးနဲ့ ဟဲဟိုး စိုက်ပျိုးရေးသိပ္ပံကျောင်း သုံးကျောင်းမှာ စတင်ဖွင့်လှစ်ပို့ချပေးမှာဖြစ်ပြီး ကျန်ရှိနေတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေမှာလည်း စာသင်နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်။ မွေးမြူရေးဒီပလိုမာသင်တန်းတွေအတွက် သင်ရိုးညွှန်းတမ်းအသစ်နဲ့ ဘာသာရပ်အလိုက် ကျွမ်းကျင်သူနည်းပြတွေ၊ စာတွေ့လက်တွေ့သင်ခန်းစာတွေအတွက် လိုအပ်တဲ့ သင်ထောက်ကူအဆောက်အအုံတွေ၊ ပစ္စည်းတွေနဲ့ မွေးမြူရေးတိရစ္ဆာန်တွေ ဖြည့်ဆည်းထားရှိပြီးဖြစ်လို့ မွေးမြူရေးလုပ်ငန်းကို စနစ်တကျ လေ့လာသင်ယူလိုကြတဲ့ လူငယ်မောင်မယ်တွေအနေနဲ့ သင်တန်းကျောင်းတွေမှာ ဆက်သွယ်စုံစမ်းနိုင်ကြပြီ ဖြစ်ပါတယ်။

စိုက်ပျိုးရေးသိပ္ပံကျောင်းတွေနဲ့ မွေးမြူရေးဒီပလိုမာသင်တန်းတွေကို ကောလိပ်အဆင့်တိုးမြှင့်ပေးနိုင်ဖို့ **စာမျက်နှာ ၇ သို့** ❂

### စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာကျောင်းဆင်းဦးရေ(ယနေ့ထိ)

| စဉ် | သိပ္ပံအမည် | စိုက်ပျိုးရေးဒီပလိုမာ | မွေးမြူရေးဒီပလိုမာ | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ပျဉ်းမနား | ၅၀၈၀ | ၁၁၄ | ၅၁၉၄ |
| ၂။ | သထုံ | ၃၀၇၄ | ၉၄ | ၃၁၆၈ |
| ၃။ | မြောင်းမြ | ၂၀၃၆ | ၄၅ | ၂၀၈၁ |
| ၄။ | ရွှေဘို | ၂၄၇၉ | ၄၃ | ၂၅၂၂ |
| ၅။ | ပုသိမ်ကြီး | ၂၅၃၉ | ၆၇ | ၂၆၀၆ |
| ၆။ | ပွင့်ဖြူ | ၃၁၅၉ | ၁၅ | ၃၁၇၄ |
| ၇။ | သာယာဝတီ | ၂၄၀၇ | ၃၉ | ၂၄၄၆ |
| ၈။ | ထားဝယ် | ၃၀၇ | - | ၃၀၇ |
| ၉။ | ဟဲဟိုး | ၆၂၂ | - | ၆၂၂ |
| ၁၀။ | မြစ်ကြီးနား | ၃၈၉ | - | ၃၈၉ |
| ၁၁။ | ဒီးမော့ဆို | ၂၆၆ | - | ၂၆၆ |
| ၁၂။ | ဖွဲကပင် | ၂၁၀ | - | ၂၁၀ |
| ၁၃။ | လုံပီး | ၁၃၂ | - | ၁၃၂ |
| ၁၄။ | ကျောက်တော် | ၂၁၉ | - | ၂၁၉ |
| | စုစုပေါင်း | ၂၂၉၁၉ | ၄၁၇ | ၂၃၃၃၆ |

# (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



**နေပြည်တော် မေ ၂၃**

(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် ၁ မှ အတွဲအမှတ် ၂၂၀ အထိ ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၃၀ အနက်မှ ပုလဲအတွဲအမှတ် ၁ မှ အတွဲအမှတ် ၂၂၀ အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက တင်ဒါအမှတ် (၁) ကို မွန်းတည့် ၁၂ နာရီနှင့် တင်ဒါအမှတ် (၂) ကို ညနေ ၄ နာရီခွဲတွင် ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၂၂၀ ရောင်းချရကြောင်း ကြေညာသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲဗဟိုကော်မတီဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းရှိ ပုလဲအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။



ပြပွဲတတိယနေ့တွင် ပုလဲအတွဲပေါင်း ၃၃၀ အနက်မှ ပုလဲအတွဲအမှတ် ၂၂၁ မှ အတွဲအမှတ် ၃၃၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယနေ့တွင် နေပြည်တော် ဇဗ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင်ကျောက်မျက်နှင့် လက်ဝတ်ရတနာ သက်မွေးနည်းပညာ သင်တန်းကျောင်းမှ သင်တန်းသားသင်တန်းသူများက မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များနှင့် ခန်းမအပြင်ဘက်ရှိ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လာရောက်လေ့လာကြည့်ရှုကြရာ ပြပွဲတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့ပြင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကို ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများကိုလည်း တွေ့ရသည်။

ယခုကျင်းပပြုလုပ်သည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၃၃၀၊ ကျောက်မျက်အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲ ၂၀၀၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❂ စာမျက်နှာ ၆ မှ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းနေပြီး လက်ရှိသင်တန်းတွေက သတ်မှတ်အရည်အချင်းပြည့်မီသူတွေ အနေနဲ့လည်း စိုက်ပျိုးရေးတက္ကသိုလ်နဲ့ မွေးမြူရေးဆိုင်ရာတက္ကသိုလ်တွေကို ပေါင်းကူးတက်ရောက်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သင်တန်းပြီးဆုံးအောင်မြင်သူတွေအတွက် အလုပ်အကိုင်ရရှိရေးကိုလည်း သက်ဆိုင်ရာဌာနတွေ၊ ပုဂ္ဂလိကတွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရှိရပါတယ်။

**အခွင့်အလမ်းတွေရရှိနိုင်**

စိုက်ပျိုးရေးသိပ္ပံတွေမှာ စိုက်ပျိုးရေးဒီပလိုမာအဆင့်အထိ တက်ရောက်သင်ယူနိုင်ပြီး အဲဒီကတစ်ဆင့် စိုက်ပျိုးရေးတက္ကသိုလ် တက်ရောက်ပြီး စိုက်ပျိုးရေးဘွဲ့ပညာရှင်အဆင့်၊ အဲဒီကနေ မဟာသိပ္ပံအဆင့်၊ ပါရဂူအဆင့်အထိ တက်ရောက်နိုင်တဲ့ အခွင့်အလမ်းတွေ ရရှိနိုင်ပါတယ်။ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေကတစ်ဆင့် စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့ ရရှိပြီးသူတွေထဲက နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ကြသူတွေ၊ တာဝန်ထမ်းဆောင်ဆဲပုဂ္ဂိုလ်တွေလည်း ရှိကြပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးသိပ္ပံအပါအဝင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းတွေ၊ အခြေခံပညာကျောင်းတွေ ပိတ်ထားခဲ့ရပြီး ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေးညွှန်ကြားချက်တွေနဲ့အညီ စိုက်ပျိုးရေးသိပ္ပံတွေရဲ့ သင်တန်းတစ်ခုချင်းကိုသာ ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် စိုက်ပျိုးရေးဒီပလိုမာ တတိယနှစ်သင်တန်းကို ၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့ထိ ဖွင့်လှစ်ပေးခဲ့သလို စိုက်ပျိုးရေးဒီပလိုမာ ဒုတိယနှစ်သင်တန်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အနေနဲ့ ကျင်းပတဲ့ ထမနဲထိုးပြိုင်ပွဲနဲ့ တိုင်းရင်းသားရိုးရာ အစားအစာများ မိတ်ဆုံစားပွဲအခမ်းအနားကိုလည်း ပြည်ထောင်စုဝန်ကြီးနဲ့ ဌာနအကြီးအကဲတွေကိုယ်တိုင် တက်ရောက်ကြပြီး ပျော်ရွှင်စွာ ကျင်းပပေးခဲ့ပါတယ်။ အလားတူ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် စိုက်ပျိုးရေးဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားတွေကိုလည်း ယခုနှစ် မတ်လအတွင်း သက်ဆိုင်ရာကျောင်းတွေမှာ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။



စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာအစားအစာများ မိတ်ဆုံစားပွဲအခမ်းအနား ကျင်းပစဉ်။

**မေလအတွင်း ပြန်လည်ဖွင့်လှစ်**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် စိုက်ပျိုးရေးဒီပလိုမာ ပထမနှစ်၊ တတိယနှစ်သင်တန်းတွေနဲ့ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် စိုက်ပျိုးရေးနဲ့ မွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းတွေကို ယခုနှစ် မေလအတွင်း ပြန်လည်ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ ကျောင်းတွေပြန်လည်ဖွင့်လှစ်ပါကလည်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်တွေနဲ့အညီ ဘေးကင်းလုံခြုံစွာ သင်ကြားသင်ယူနိုင်ကြစေဖို့ ပြင်ဆင်ထားရှိပြီးဖြစ်လို့ ဒေသအသီးသီးက တိုင်းရင်းသားလူငယ်မောင်မယ်တွေ အနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းသေချာမှုရှိတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ် သင်ယူမှု အခွင့်အလမ်းအဖြစ် စိုက်ပျိုးရေးသိပ္ပံကျောင်းတွေနဲ့ မွေးမြူရေး ဒီပလိုမာသင်တန်းတွေကို ရွေးချယ်နိုင်ကြစေဖို့ တိုက်တွန်းဖိတ်ခေါ်လိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်ရှိ Yangon Crown သံမဏိစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူးက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှ ထုတ်လုပ်လျက်ရှိသော သံမဏိ၊ သံချောင်းလုံးများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းလာသည့် သံနှင့် သံချောင်းလုံးများ၏ အရည်အသွေးများကို စစ်ဆေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း သံနှင့် သံမဏိ လိုအပ်ချက်များကိုလည်း ဈေးကွက်သုတေသနပြုလုပ်ရမည်ဖြစ်ကြောင်း၊ သံနှင့် သံချောင်းလုံးများ၏ အရည်အသွေးကောင်းမွန်မှုသာ သုံးစွဲသူများ ဘေးအန္တရာယ်ဖြစ်ပွားမှု ကင်းဝေးမည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိရာ စက်ရုံမှူးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စက်ရုံရှိ ဝန်ထမ်းအရေအတွက်၊ စက်တစ်ခုချင်းစီ၏ ထုတ်လုပ်နိုင်မှုစွမ်းအားတို့ကို အခြေခံတွက်ချက်ရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် စက်စွမ်းအားများကို အကျိုးရှိအောင်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ ထုတ်လုပ်မှု တာဝန်ခံမန်နေဂျာများသည် စက်တစ်ခုချင်းစီ၏ ထုတ်လုပ်နိုင်မှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုတို့ကို သိရှိအောင် ဆောင်ရွက်ထားရန်၊ BPI ထုတ်ဆေးဝါးများသည် အရည်အသွေးကောင်းမွန်သည့်အတွက် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းထားရန်၊ ထုတ်ကုန်တစ်ခုချင်းစီအလိုက် လိုအပ်သည့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများကို သတ်မှတ်ရေးဆွဲရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပင်လည်ဘူးမြို့တွင် NLD ပါတီ ထောက်ခံသူအစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် လုံခြုံစိတ်ချရသောနေရာများတွင် နေထိုင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများကို စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်း NLD ပါတီထောက်ခံသူ အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရပြီး မိမိတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံစိတ်ချရသည့်နေရာများတွင် ခေတ္တနေထိုင်နေကြရသူများကို နေထိုင်စားသောက်မှု အဆင်ပြေစေရန်နှင့် ၎င်းတို့၏ ဒေသများတွင် ပြန်လည်နေထိုင်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပင်လည်ဘူးမြို့တွင် NLD ပါတီထောက်ခံသူအစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် လုံခြုံစိတ်ချရသောနေရာများတွင် နေထိုင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၀၊ ငါးခြောက်သုံးအိတ်၊ ငါးသေတ္တာ ငါးပုံး၊ ခေါက်ဆွဲခြောက် ၁၄ ပုံး၊ ကြာဆံ ၁၄ ပုံး၊ ကော်ဖီမစ်ထုပ်များနှင့် ဆေးမျိုးစုံတစ်ပုံးတို့ကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် Royal D ပုံး ၃၀၊ ငါးခြောက် ပိဿာ ၃၀၊ ခေါက်ဆွဲခြောက် ပုံး ၄၀၊ ကြက်ဥ အလုံး ၁၀၀၀၊ ငါးပိအထုပ် ၁၀၀ နှင့် ရေဆူဆေးပြား ဘူး ၃၀ တို့ကို လည်းကောင်း ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့ မြို့မဈေးကြီး ဆိုင်ခန်းသစ်များဖွင့်ပွဲသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရွှေဘိုမြို့ မြို့မဈေးကြီးဆိုင်ခန်းသစ်များအား တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဆိုင်ခန်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ အမှတ်(၇) (မြို့ပတ်လမ်း)နှင့် လမ်းဦးစီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)တို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော် - ရန်ကုန်)လမ်းပိုင်း မိုင်တိုင်(၇၅) ၁ နှင့် ၂ ကြား ဂငယ်ကွေ့ ဆောင်ရွက်နေမှု၊ ကျန်ချောင်းတံတား ချဉ်းကပ်လမ်းဆောင်ရွက်မည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် ( ၇၆ ) ယာဉ်ရပ်နားစခန်းနေရာ၏ လမ်းနယ်နိမိတ်သတ်မှတ်ချက်နှင့်ပတ်သက်၍ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံမှုအတွက် ဦးစားပေး၍ လမ်းနယ်နိမိတ်သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရန်၊ လမ်းညွှန်အမှတ်အသား သတိပေးဆိုင်းဘုတ်များ ပြည့်စုံစွာ တပ်ဆင်ရန်၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရေး ၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မိုင်တိုင်(၂၆-၀)နေရာရှိ ဂငယ်ကွေ့နေရာဆောင်ရွက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိအမှတ်(၇) (မြို့ပတ်လမ်း)မိုင်(၁/၇-၁၀/၀)အတွင်း ပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ မိုင်(၁/၇-၅/၂) အတွင်း ကတ္တရာလမ်း မျက်နှာပြင်ပျက်စီးမှုနေရာကို ပြင်ဆင်ဆောင်ရွက်နေမှု၊ မိုင်( ၈/၄-၈/၇ ) အတွင်း ပေ ၄၀ အကျယ် မြေသားတာပေါင်တည်ဆောက်ခြင်း၊ ၂၄ ပေ အကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် RCC Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထင်ကျော်က ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးပြည့်ဖြိုးဆယ်က သင်တန်းကျောင်းနှင့် ပတ်သက်၍ လိုအပ်သည်များ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သင်တန်းများကြီးကြပ်မှုဗဟိုကော်မတီ၊ လေ့ကျင့်ရေးနှင့် သင်တန်းကော်မတီ၊ သင်ကြားရေးကြီးကြပ်မှုအဖွဲ့ငယ် ဖွဲ့စည်းမှုကို သင်တန်းကျောင်းခွဲများအလိုက် ဖွဲ့စည်းဆောင်ရွက်ရန်၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၏ ရည်ရွယ်ချက်ဖြစ်သည့် “အရေအတွက်မှ အရည်အချင်းသို့ လေ့ကျင့်မှုဖြင့် တိုးတက်စေရမည်” ဆောင်ပုဒ်အတိုင်း အရည်အချင်းပြည့်ဝသော ဝန်ထမ်းများ စဉ်ဆက်မပြတ်ရရှိပြီး မြန်-ကောင်း- သက်သာ ဆောင်ပုဒ်အတိုင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြန်လည်မွမ်းမံပြင်ဆင်မည့် သင်ကြားရေးခန်းမဆောင်၊ သင်တန်းသား အိပ်ဆောင်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၁/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဧပြီ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၁/၂၀၂၂) အား ၂-၅-၂၀၂၂ ရက်နေ့မှ ၁၀-၆-၂၀၂၂ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း-၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း-၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် သင်တန်းများသို့တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ



**ပုသိမ် ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၉)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်( ရန်ကုန်/စစ်ကိုင်း)ပထမနှစ်၊ ဝိဇ္ဇာ/ သိပ္ပံနှင့် AGTI သင်တန်းများသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တက်ရောက်သည့်သင်တန်းများတွင် ဒေသအသီးသီးမှ တိုင်းရင်းသားလူမျိုးများနှင့်အတူတကွ ပညာဆည်းပူးကြရမည်ဖြစ်ပြီး လူမျိုးစွဲ၊ ဒေသစွဲမထားဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နေထိုင်ဆောင်ရွက်ကြစေလိုကြောင်း၊ သင်တန်းသားများအနေဖြင့် စာမေးပွဲများ အဆင့်ဆင့်ဖြေဆိုခဲ့ကြရသည့်အတွက် မိမိကိုယ်ကိုတန်ဖိုးထား၍ စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ သင်တန်းကာလတွင်လည်း တိုင်းရင်းသားအချင်းချင်း ညီရင်းအစ်ကို မောင်ရင်းနှမ စိတ်ဓာတ်ထားရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကအလေးထားသည့်သင်တန်းဖြစ်သည့်အတွက် သင်တန်းဆုံးခန်းတိုင်အောင် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ကြရန်၊ ဘာသာရပ်အလိုက်ထူးချွန်အောင်ကြိုးစားကြရန်၊ မှန်ကန်သောအမြင်ဖြင့် မှန်ကန်သောအလုပ်ကို အကျိုးရှိအောင်ကြိုးစားလုပ်ဆောင်သွားကြရန် မှာကြားခဲ့ပြီး ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင် ဥပဒေအရာရှိများနှင့်တွေ့ဆုံ

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် မျှော်မှန်းချက်ဖြစ်သော တရားဥပဒေ စိုးမိုးရေးအတွက် ဥပဒေနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ တာဝန်ဖြစ်သော နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ မူဝါဒများ ပိုမိုအားကောင်းလာစေရန် အလေးထားဆောင်ရွက်ရမည့် အကြောင်းအရာများ၊ လုပ်ပိုင်ခွင့်ဖြစ်သောမျှတသော တရားစီရင်ရေးရရှိစေရန် ဆောင်ရွက်ရမည့် အပြင် တရားမျှတမှုမဏ္ဍိုင်ပြောင်းလဲမှုတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်တာက လုပ်ငန်းခွင်အတွင်း အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသော တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများက မိမိတို့၏လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လုပ်ငန်းခွင်မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးအဆင့် ဌာနတွင်းလုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ်(၁၅) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ်(၅၈) အစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက မတ် ၂၂ ရက်မှ ဧပြီ ၂၂ ရက်အထိ ဖွင့်လှစ်ခဲ့သော ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးအဆင့် ဌာနတွင်းလုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ်(၁၅)ကို Hybrid ပုံစံနဲ့ အောင်အောင်မြင်မြင်ပို့ချနိုင်ခဲ့ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ဌာန၏မြင့်မားသည့် စွမ်းဆောင်ရည်နှင့် ကောင်းမွန်သောရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများထိရောက်သွက်လက် မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ဝန်ထမ်းများ၏ စွမ်းရည်တိုးတက်လာခြင်းနှင့်အတူ အရည်အချင်းရှိသော ဝန်ထမ်းများ မွေးထုတ်ပေးနိုင်မှာဖြစ်ပါကြောင်း၊ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးနိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ သင်ကြားရေးစင်တာတည်ထောင်ပြီး မကြာမီဖွင့်လှစ်၍ သင်တန်းများ ပို့ချသွားမည်ဖြစ်ကြောင်း။

အဆိုပါသင်တန်းတွင် ဘာသာရပ်ပေါင်း ၄၉ ခုတို့ကို ဆွေးနွေးပို့ချပေးခဲ့ကြောင်း၊ သင်ကြားခဲ့သောဘာသာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ပို့ချနိုင်ရေးအတွက် ဦးစီးရုံးချုပ်၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်များပါဝင်၍ ဆရာဖြစ်သင်တန်းများ (TOT) ဖွင့်လှစ်သွားရန်နှင့် တိုင်း/ပြည်နယ်များမှလည်း ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးသွားရန် အလေးထားတိုက်တွန်းလိုကြောင်း၊ ဌာန၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရာတွင် သင်ကြားခဲ့သည့် ဘာသာရပ်များကို လက်တွေ့နယ်ပယ်တွင်အသုံးချ၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ကယားပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်ပြည်သူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ



လွိုင်ကော် မေ ၂၃

ကယားပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်ပြည်သူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း အခြေအနေအကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြီး ယခုလက်ရှိတွင် နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသော နေရပ်ပြန်ပြည်သူများ၏ လတ်တလော စားဝတ်နေရေးအတွက် လိုအပ်သည့်စားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့်နေအိမ်အဆောက်အအုံများ ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ပြည်နယ်တည်ငြိမ်အေးချမ်းလာစေရေးအတွက် ဆောင်ရွက်နေမှုများတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများ၏ အပြန်အလှန်ယုံကြည်လေးစားမှုနှင့် ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးကြောင်း ပြောသည်။

ဆက်လက်၍ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးမြတ်မင်းမိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေ၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုံ့မော်တို့က ဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ လုံခြုံရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် နိုင်ငံသားတိုင်း နိုင်ငံသားကတ်ပြားရရှိရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားကျောင်းများ၊ သီလရှင်ကျောင်းများ၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများဖြစ်သော မိုင်းလုံး၊ ပန်ကန်း၊ ချိုကယ်၊ ဒေါဆော်ဘီး၊ ထူသူင်သ၊ မှုံပြာ၊ ရွာတန်းရှည်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အိုကေကျေးရွာအုပ်စု ကျွန်းတောကျေးရွာ၊ သာယပ်ကျေးရွာများရှိ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် အိမ်ဆောက်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ နေရပ်ပြန်ပြည်သူများအတွက် စားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ သက်ဆိုင်ရာဘာသာရေးခေါင်းဆောင်များနှင့် ရပ်ကွက်/ကျေးရွာများမှ ရပ်မိရပ်ဖများက လက်ခံရယူကြသည်။

ယနေ့အခမ်းအနားတွင် လွိုင်ကော်ခရိုင်အတွင်း ပျက်စီးသွားသော အဆောက်အအုံစုစုပေါင်း ၁၄၀ အတွက် ထောက်ပံ့ငွေကျပ် ၄၁၉၀၀၀၀၀၊ သွပ်အချပ် ၂၉၆၀၊ ဘိလပ်မြေ ၁၁၇၈ အိတ်၊ ယာယီတိုက်ပွဲရှောင်စခန်း ဖွင့်လှစ်ထားသော ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ္စယာန်ဘုရားကျောင်းတို့အတွက် လှူဒါန်းငွေကျပ် ၈၅၀၀၀၀၊ မှုံပြာကျေးရွာနှင့် ကျွန်းတောကျေးရွာရှိ နေရပ်ပြန်အိမ်ထောင်စု ၃၆၀ နှင့် ယာယီရှောင်တိမ်းအိမ်ထောင်စု ၁၃၅ စုတို့အတွက် ဆန်ခြောက်ပြည်အိတ် ၄၆၉ အိတ်၊ ဆီ ၁၅၃ ပိဿာ၊ ဆား ၁၀၈ ပိဿာနှင့် ကြက်သွန် ၂၃၈ ပိဿာတို့အတွက် ငွေကျပ် ၆၁၉၁၂၇၀ ဖြစ်ပြီး စုစုပေါင်းထောက်ပံ့ငွေကျပ် ၇၉၈၉၄၇၂၀ ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်မှုအနေဖြင့် လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်များမှ ပြည်သူ ၆၆၁ ဦးအတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်စေရေးအတွက် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ပြီး ငွေစာရင်းထိန်းသိမ်းနည်းပညာကျွမ်းကျင်မှု အရည်အသွေးမြင့်မားလာစေရန်အတွက် ရည်ရွယ်၍ သင်တန်းဖွင့်ပွဲကို ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ယနေ့နံနက် ၁၁ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းဝင်းနှင့် ခရိုင်ဦးစီးမှူး ဒေါ်လှလှဌေး၊ သင်တန်းဆရာများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းဝင်းက ယနေ့သင်တန်းဖွင့်ပွဲတွင် ဝန်ထမ်းများ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျ သုံးစွဲနိုင်ရေးနှင့်ဆိုင်သော ငွေစာရင်းထိန်းသိမ်းနည်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ကျွမ်းကျင်မှု ရှိစေရန်တို့ကို ပြောသည်။

အဆိုပါ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို စနေ၊ တနင်္ဂနွေ နှစ်ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်း ၁၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ စာဖတ်ဝိုင်းပြုလုပ်

အုတ်တွင်း မေ ၂၃

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူ အသင်းအဖွဲ့တို့ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျောင်းသားလူငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်များ ရရှိစေရေး၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်များရရှိစေရေး၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်စေရေး၊ လူသားချင်း စာနာစိတ်ရှိစေရေး၊ ကိုယ်ချင်းစာစိတ်ဖြင့် ရိုင်းပင်းကူညီလိုသောစိတ်ကို မွေးမြူကြစေရေးနှင့် အများအကျိုးဆောင်ရွက်တတ်စေရေး ရည်ရွယ်၍ စာရေးဆရာမောင်ကြည်လင်(ရွှေကြိုးကြာ)ရေးသားသည့် “လူငယ်များနှင့် လူမှုဝန်ထမ်းစိတ်”ဆောင်းပါးဖြင့် ယနေ့နံနက်ပိုင်းက စာဖတ်ဝိုင်းကျင်းပကြောင်း သိရသည်။

**အပြန်အလှန်ဆွေးနွေး**

အဆိုပါစာဖတ်ဝိုင်းကို စာအုပ်စာစောင် ချစ်မြတ်နိုးသူအသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးခင်မောင်ချိုနှင့် အဖွဲ့ဝင်များက ဆောင်းပါးပါ အကြောင်းအရာဖြစ်သည့် စာနာစိတ်ထား၊ အများအကျိုးဆောင်၊ လိုက်နာဖွယ်ကောင်း စသည့် အကြောင်းအရာများကို တက်ရောက်လာသော စာပေဝါသနာရှင်များနှင့် အချင်းချင်း အမြင်ချင်းဖလှယ်ကာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



# ဆိပ်ဖြူမြို့နယ်၌ ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ဆိပ်ဖြူ မေ ၂၃

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကပကျေးရွာအုပ်စု၌ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် နွေပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**နွေသီးနှံများအောင်မြင်ဖြစ်ထွန်း**

ယခုနှစ်နွေရာသီတွင် မြစ်ရေတင်စီမံကိန်းစိုက်ပျိုးမြေများ၌ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သော တောင်သူများ ဒေသဝမ်းစာဖူလုံရေး၊ လူမှုအကျိုးစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အခြားသီးနှံပဲမျိုးစုံ အောင်မြင်စွာ စိုက်ပျိုးဆောင်ရွက်နိုင်စေရန် နွေသီးနှံစိုက်ပျိုးဧက ၅၀၀ ကျော်အတွက် စိုက်ပျိုးရေပြည့်ဝစွာ ဆောင်ရွက်ပေးထားသည့်အတွက် နွေသီးနှံ ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး စတင်ခူးဆွတ်နေရပြီဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲတီစိမ်းစိုက်ခင်းများ ရွက်ဝါကျပြီး သီးနှံအောင်မြင်ဖြစ်ထွန်းခြင်းမရှိဘဲ ထိခိုက်မှုများကြုံခဲ့ရသည့် တောင်သူများရှိခဲ့သည်။ ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာရယူပြီး ပဲတီစိမ်းမျိုးကောင်းမျိုးသန့်များ ချိတ်ဆက်မှာယူ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ပဲတီစိမ်းတစ်ဧကလျှင် ၁၅ တင်းခန့် ထွက်ရှိပြီး ယခင်နှစ်က ပဲတီစိမ်းတစ်တင်းလျှင် ဒေသပေါက်ဈေး ငွေကျပ် ၄၀၀၀၀ ဖြင့် ရောင်းချရကြောင်း သိရသည်။

စိုးလင်းနိုင်(IPRD)

**ရေချွေတာရေး နည်းလမ်းများ**

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ အဆုံးသတ်



ဘရာဆီးလီးယား မေ ၂၃

ဘရာဇီးနိုင်ငံ၌ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ် အခြေအနေ အဆုံးသတ်မည့်အမိန့်ကို ဘရာဇီး ကျန်းမာရေးဝန်ကြီး မာဆယ်လိုကွီရိုဂါက မေ ၂၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ယနေ့ ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

**ပြန်လည်ရုပ်သိမ်း**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်နေခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ကတည်းက ကြေညာခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အဆိုပါ အရေးပေါ်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် အမေရိကန်နိုင်ငံပြီးလျှင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက် အများဆုံးဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှ စတင်ကာ လူဦးရေ စုစုပေါင်း ၃၀ ဒသမ ၃ သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်းနှင့် လူဦးရေ ၆၆၅၀၀၀ သေဆုံးခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၀ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၇၄ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်း ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

# ဇမ်ဘီယာနိုင်ငံ၌ ဒုတိယအကြိမ် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရေးလှုပ်ရှားမှု မေလတွင် စတင်မည်

လူဆာကာ မေ ၂၃

ဇမ်ဘီယာနိုင်ငံ၌ ဒုတိယအကြိမ် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုအစီအစဉ်ကို မေလတွင် စတင်မည်ဖြစ်ကြောင်း ယမန်နေ့က ကျန်းမာရေးဝန်ကြီး ဆီလ်ဗီယာမာဆီဘိုက ပြောကြားသည်။

ဒုတိယအကြိမ် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုသည် ရည်မှန်းထားသည့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းထိုးနှံပေးရေး မျှော်မှန်းချက်ပြည့်မီမည်ဖြစ်ကြောင်းလည်း သိရသည်။

ဇမ်ဘီယာနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ် ပထမအကြိမ်ကို ၂၀၂၁ ခုနှစ် ဧပြီလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဇမ်ဘီယာနိုင်ငံ၌ လူဦးရေ၏ ၂၁ ဒသမ ၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဇမ်ဘီယာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၁၈၉၁၄ ဦးရှိကြောင်း၊ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၉၇၄ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၁၄၀၇၅ ဦးရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်

# ဗီယက်နမ်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၁၀၃၆၅ ဦး ထပ်မံတွေ့ရှိ

ဟနွိုင်း မေ ၂၃

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၃၆၅ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူအားလုံးသည် နိုင်ငံအတွင်းရှိ ခရိုင် ၅၉ ခုနှင့် မြို့များမှ တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောဂါကူးစက်ခံရသူများအနက် မြို့တော်ဟနွိုင်း၌ ၉၇၈ ဦး၊ ဖုသိုခရိုင်၌ ၇၅၃ ဦး၊ ဘက်ဂျန်ခရိုင်၌ ၅၅၆ ဦး အသီးသီးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

လက်ရှိတွင် ရောဂါကူးစက်ခံရသူပေါင်း ၁၀၅၄၄၆၈၉ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၇၄ ဦးရှိပြီဖြစ်သည်။ သို့သော် ရောဂါကူးစက်ခံရသူ ၉၀၈၁၄၉၄ ဦး (ရောဂါကူးစက်ခံရသူအားလုံး၏ ၈၆ ရာခိုင်နှုန်း)သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြောင်း သိရသည်။

လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၁၂ သန်းနီးပါး သုံးစွဲပြီးဖြစ်သည်။ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေးအလုံးရေ ၁၉၄ ဒသမ ၃ သန်း ထိုးနှံပေးပြီးဖြစ်သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်





# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၀၉ ဦး ထပ်မံတွေ့ရှိ

စင်ကာပူ မေ ၂၃

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၀၉ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၁၁၈၀၁၂၄ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၂၅ ဦးသည် ရောဂါကွင်းဆက် တုံ့ပြန်မှုဆိုင်ရာ စစ်ဆေးမှုဖြင့် စစ်ဆေးတွေ့ရှိပြီး ၂၃၈၄ ဦးသည် လျင်မြန်သော စစ်ဆေးမှုတို့ဖြင့် စစ်ဆေးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

ရောဂါကွင်းဆက်တုံ့ပြန်မှုဆိုင်ရာ စစ်ဆေးမှုဖြင့် စစ်ဆေးတွေ့ရှိသူများအနက် ၃၁၃ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး ၁၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ ထို့ပြင် လျင်မြန်သော စစ်ဆေးမှုတို့ဖြင့် စစ်ဆေးတွေ့ရှိသူများအနက် ၂၃၁၇ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ၆၇ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၂ ဦး ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ယင်းတို့အနက် ကိုးဦးသည် ရောဂါပြင်းထန်စွာခံစားနေရကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် တစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၂၅ ဦးရှိပြီဖြစ်သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# ပိုလန်နိုင်ငံတောင်ပိုင်း၌ ကျောက်မီးသွေးတွင်းပေါက်ကွဲမှုဖြစ်ပွား၊ မိုင်းတွင်းလုပ်သား ၁၀ ဦး ပျောက်ဆုံး

ဝါဆော မေ ၂၃

ပိုလန်နိုင်ငံတောင်ပိုင်းရှိ ကျောက်မီးသွေးတွင်းတစ်ခု၌ ယနေ့တွင် ပြင်းထန်သောတုန်လှုပ်မှုနှင့် မီသိန်းဓာတ်ငွေ့များ ပြင်းထန်စွာ ထွက်ပေါ်လာကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မိုင်းတွင်းလုပ်သား ၁၀ ဦးပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

**ဖြစ်ပွားခဲ့ခြင်းဖြစ်**

အဆိုပါပေါက်ကွဲမှုသည် ပိုလန်နိုင်ငံတောင်ပိုင်း ဂျက်စတာဇီ စကီဇီဒါရော့ဂျ်မြို့အနီးရှိ ဇိုဖလိုကာမိုင်းတွင်း၌ အနက် မီတာ ၉၀၀ တွင် ယနေ့နံနက် ဒေသစံတော်ချိန် ၃ နာရီ မိနစ် ၄၀ အချိန်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂျေအက်စ်ဒဗလျူမိုင်းတွင်းကုမ္ပဏီက ပြောကြားသည်။

ယင်းမိုင်းတွင်း ပေါက်ကွဲရာနေရာနှင့် အနီးဆုံးနေရာတွင် မိုင်းတွင်းလုပ်သား စုစုပေါင်း ၆၂ ဦး အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ယင်းမိုင်းတွင်းလုပ်သားများအနက် ၅၂ ဦးကို ဘေးကင်းစွာတွေ့ရှိခဲ့ကြောင်းနှင့် ကျန် ၁၀ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဂျေအက်စ်ဒဗလျူ မိုင်းတွင်းကုမ္ပဏီက ဆက်လက်ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်



# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်နှင့် ရုရှားသမ္မတ ပူတင်တို့ မေ ၂၆ ရက်တွင် တွေ့ဆုံမည်

**ကုလသမဂ္ဂ မေ ၂၃**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မေ ၂၆ ရက်တွင် မော်စကိုမြို့၌ တွေ့ဆုံမည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

**အလုပ်သဘော ဆွေးနွေးပွဲပြုလုပ်မည်**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ရုရှားနိုင်ငံခြားရေးဝန်ကြီး လာ့ဗ်ရော့နှင့် အလုပ်သဘော ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပြီး နေ့လယ်စာကို အတူတကွ သုံးဆောင်သွားမည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ဆိုသည်။

ကုလသမဂ္ဂအဖွဲ့အကြီးအကဲက ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့၏ အမြဲတမ်းမစ်ရှင်အဖွဲ့များထံသို့ သီးခြားစီ အိတ်ဖွင့်ပေးစာများပေးပို့ခဲ့သည်။ မော်စကိုမြို့၌ သမ္မတပူတင်နှင့်တွေ့ဆုံမည်ဖြစ်ပြီး ကိဗ်ယက်မြို့၌ ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အဆိုပါ ပေးစာများတွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံအတွင်းရှိ လက်ရှိအခြေအနေ၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေတို့ကို အခြေခံထားသည့် နိုင်ငံစုံစနစ်၏အနာဂတ် အလားအလာတို့အပေါ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ဆိုသည်။

ထို့ပြင် ရုရှားနှင့်ယူကရိန်း နှစ်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အပြင် အခိုင်အမာထောက်ခံသည့် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများလည်းဖြစ်ကြောင်း ဂူတာရက်စ်က မှတ်ချက်ပြုပြောကြားကြောင်း ဒူဂျာရစ်က ဆက်လက်ပြောသည်။

ခရစ်ယာန်ဘာသာရေးဆိုင်ရာ Orthodox အခါသမယအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ သယ်ယူပို့ဆောင်ရေးအတွက် ယူကရိန်းနိုင်ငံအတွင်း လေးရက်တာအပစ်အခတ်ရပ်စဲရေးကို ဂူတာရက်စ်က တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အောင်ကျော်ကျော်**



# ခိုကိုးရာမဲ့ အာဖဂန်နိုင်ငံသား ၁၅၀၀ တရုတ်နိုင်ငံမှ လှူဒါန်းသည့် လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့များ လက်ခံရရှိ

**ကဘူးလ် မေ ၂၃**

အာဖဂန်နိုင်ငံ၌ ခိုကိုးရာမဲ့ဖြစ်နေသည့် နိုင်ငံသား ၁၅၀၀ သည် တရုတ်နိုင်ငံမှ လှူဒါန်းသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ယနေ့တွင် လက်ခံရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဒုက္ခသည်များနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မိမိတို့အနေဖြင့် ယနေ့တွင် ခိုကိုးရာမဲ့ဖြစ်နေသည့် အာဖဂန်နိုင်ငံသား ၁၅၀၀ အား လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ ဖြန့်ဝေပေးခဲ့ပြီး လာမည့် သီတင်းပတ်တွင်လည်း ငတ်မွတ်မှုဒဏ်ခံစားနေရသည့် မိသားစုများအား အကူအညီများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဒုက္ခသည်များနှင့် နေရပ်ပြန်လည် ပို့ဆောင်ရေးဝန်ကြီး ဟက်ကာနီက သတင်းထောက်များအား ပြောကြားသည်။

အာဖဂန်နစ္စတန် ပြည်သူများအား တရုတ်နိုင်ငံက လှူဒါန်းသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ အနက်မှ လူတစ်ဦးလျှင် ၅၀ ကီလိုဂရမ်ရှိ ဆန်တစ်အိတ်စီ လက်ခံရရှိခဲ့ကြောင်း ဟက်ကာနီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တရုတ်နိုင်ငံ အစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံသို့ အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် ယွမ်သန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄ သန်းခန့်) တန်ဖိုးရှိ စားနပ်ရိက္ခာများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆေးဝါးများကို ထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက ကြေညာခဲ့သည်။

တရုတ်နိုင်ငံသည် လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံသို့ စားနပ်ရိက္ခာ တန်ပေါင်း ၆၂၀ ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**






# ကမ္ဘောဒီးယားနိုင်ငံ၌ အသက်သုံးနှစ်အထက် အသက်အရွယ်ရှိသူ ၉၃ ရာခိုင်နှုန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီး

**ဖနောင်ပင် မေ ၂၃**

ကမ္ဘောဒီးယားနိုင်ငံ၌ အသက်သုံးနှစ်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၉၃ ရာခိုင်နှုန်းသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒိုင်းက မေ ၂၃ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအဓိကထောက်ပံ့သည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ လူဦးရေ ၁၆ သန်းရှိသည့်အနက် ၁၄ ဒသမ ၈၈ သန်းသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၁၄ ဒသမ ၁၄ သန်းသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် လူဦးရေ ၈ ဒသမ ၂ သန်းသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၁ ဒသမ ၃ သန်းသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးလေးကြိမ်မြောက်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၈ ဦး တွေ့ရှိခြင်းကြောင့် ကူးစက်ခံရသူစုစုပေါင်း ၁၃၆၂၀၀ ရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၃၀၅၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၅၂၇ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၂၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၅၂၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၃၀၅၄၉၅၂ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

**လေးရက်ဆက်တိုက်ရှိ**

လွန်ခဲ့သော လအနည်းငယ်အတွင်း နေ့စဉ်ကူးစက်မှုအရေအတွက် လျော့ကျလာပြီးနောက် ကူးစက်ခံရသူအရေအတွက် ၂၀၀၀ ကျော်အထိ မြင့်တက်လာခဲ့သည်မှာ လေးရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၃၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၂၄၉ ဦးရှိပြီဖြစ်သည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၅၀၇၉ ဦးရှိကြောင်း သိရသည်။ အဆိုပါပိုးတွေ့ဆဲလူနာအရေအတွက်သည် လွန်ခဲ့သော နှစ်လအတွင်းက လျော့ကျခဲ့သော်လည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ပြန်လည်မြင့်တက်လာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၆၅၆ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၅၁၇၇၂၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအကြိမ် ထပ်ဆောင်းထိုးနှံပေးရန် စီစဉ်လျက်ရှိ

**တိုကျို မေ ၂၃**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးကြိမ်မြောက် ထိုးနှံပေးမှုကို စတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ဌာနက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါလေးကြိမ်မြောက် ထပ်ဆောင်းကာကွယ်ဆေးကို ရောဂါလက္ခဏာပြင်းထန်စွာခံစားနေရသူများ၊ သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါသည်များအား ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ကာကွယ်ဆေးထိုးနှံပေးမှု ကြားကာလကို ခြောက်လသတ်မှတ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကနဦးတွင် ပြောကြားခဲ့သည်။

သို့သော် အစ္စရေးနိုင်ငံ၏ စတုတ္ထအကြိမ်မြောက် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ဆိုင်ရာ အချက်အလက်များကို လေ့လာပြီးနောက် ကြားကာလကို ခြောက်လထက်လျှော့နည်းကာ သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ်ကာကွယ်ဆေးထိုးနှံမှု၏ ဆေးအာနိသင်သည် ခြောက်လအကြာတွင် သိသိသာသာ လျော့ကျသွားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဂျပန်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

အချို့နိုင်ငံများက တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို ကြားကာလ လေးလသာခြားပြီး ထိုးနှံပေးလျက်ရှိသည်။ သို့သော် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက အဆိုပါကာကွယ်ဆေးထိုးနှံမှုကာလကို ငါးလအနည်းဆုံးခြားမှသာ ထိရောက်မှုရှိမည်ဖြစ်ကြောင်း ယုံကြည်ထားသည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံမှုကာလ သတ်မှတ်ခြင်းကို လာမည့်ရက်သတ္တပတ်တွင် ဂျပန်ဆေးဘက်ဆိုင်ရာ ပညာရှင်များက ထပ်မံဆွေးနွေးသွားမည်ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ၊ဘာသာပြန်- အောင်ကျော်ကျော်**





# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၆ ဒသမ ၈ သန်းကျော်ရှိလာ

**ဆိုးလ် မေ ၂၃**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၄၄၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၆၈၃၀၄၆၉ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မေ ၂၃ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၅၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၂၂၀၂၄ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၃၆၂၃၆ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၀၆၁၁၂ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၄ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ ၃၃ ဦးအနည်းဆုံးသေဆုံး

**ကဘူး မေ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ကန်ဒက်ဇ်မြို့အနီး ဘာသာရေးအဆောက်အအုံတစ်ခု၌ ယမန်နေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၃၃ ဦး အနည်းဆုံးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါသေဆုံးသူများတွင် ကလေးငယ်များပါဝင်ပြီး ၄၃ ဦးထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ဗုံးဖောက်ခွဲမှုကို မည်သည့်အဖွဲ့အစည်းက ကျူးလွန်ကြောင်း ပြောကြားခြင်းမရှိသေးပေ။

မေ ၂၁ ရက်တွင်ဖြစ်ပွားခဲ့သည့် နိုင်ငံမြောက်ပိုင်းရှိ မာဇာအီရှာရစ်ဖ်မြို့၌ ဖြစ်ပွားခဲ့သော ဘာသာရေးအဆောက်အအုံဗုံးပေါက်ကွဲမှုကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် ၃၀ ထက်မနည်းသေဆုံးခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၄၂ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၂၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၄၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၂၁၄၄၃ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၆၃၂၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၀ သည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၄၈၂ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၁၁၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၄၃၀၀၅၅၈ ဦးရှိလာကြောင်းနှင့်လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာပေါင်း ၉၆၆၀၁ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရားမဝင် ကျွန်းသစ်၊ စက်ဘီးတာယာနှင့် ဖြည့်စွက်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီ ၂၀ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော တရားမဝင် စက်ဘီးတာယာဆိုဒ်မျိုးစုံ **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၇၁၈၅၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ **ဧပြီ ၂၂ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ်ဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်ပူးပေါင်းအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သွင်းကုန်ထောက်ခံချက်တို့နှင့် ကွဲလွဲပါရှိလာပြီး Country Of Orgin – Not Found ဖြစ်နေသော တရားမဝင်ဖြည့်စွက်ဆေးဝါးများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၂၅၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးပေါ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောတင်ဆောင်လာသည့် အကောက်ခွန်မဲ့ အားဖြည့်အချိုရည်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **ယနေ့တွင်** ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ခပေါင်းသစ်တောကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၂ ဒသမ ၁၀၃၂ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၆၀)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ **အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၅၁၉၁၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြစ်ကြီးနားမြို့နှင့် မောင်တောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက် နယ်မြေ(၇) လမ်းသွယ်(၁၄)တွင် မလထော် ခါးတောင်(ခ)အားတောင်ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၅ နာရီ မိနစ် ၂၀ တွင် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ ၎င်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၅၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ဧပြီ ၂၁ ရက်ညနေ ၆ နာရီတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် မောင်တောမြို့နယ် (ဒု)ညောင်ပင်ကြီးကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်အနီးတွင် အဒူမူနာ့ဖ်နှင့် မာမတ်အာယာ့စ်တို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀ ကို လည်းကောင်း၊ အလားတူ ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီခွဲတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် အင်းဒင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် Alphard အမျိုးအစားခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် ဇော်ဝင်းနှင့် မောင်မောင်ထွန်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီခွဲတွင် ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု စေတီပြင်ကျေးရွာအနီးတွင် မာမောက်အီစ္စလာမ်နှင့် အာယုအာလီတို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။



ရဲပြန်ကြား

## ရေသတ္တဝါ(အရှင်) များ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်တွင် ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ် တင်ပို့ခြင်းမပြုရန် အသိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို/ ရေငန်ရေပြင်များတွင် ငါး/ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး/ပုစွန်အထွက်တိုးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့တိုးပွားလာစေရန်နှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ ရေသတ္တဝါများ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်ကာလတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူ၊ စုဆောင်းခြင်းမပြုကြရန်အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားပြီးဖြစ်ပါသဖြင့်အောက်ပါရေသတ္တဝါ(အရှင်)များအား သတ်မှတ်ကာလအတွင်း ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ်၊ တင်ပို့ခြင်းမပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ရေသတ္တဝါအမည် | ဝယ်ယူစုဆောင်းခွင့် ပိတ်သည့်ကာလ |
|---|---|---|
| (က) | ကျောက်ပုစွန်၊ကင်းပုစွန်၊ ငါးလင်ပန်း | ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ |
| (ခ) | ကျောက်ငါး | ဇူလိုင်လ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ |
| (ဂ) | ရေချိုငါးအားလုံး | မေလ(၁)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်နေ့အထိ |
| (ဃ) | ရေငန်ပုစွန် | ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ |

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၄-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ခေါရွှံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့် သက်ဆိုင်သောအနာဂတ် ဒီဂျိတယ်ရေစီ
**၀၈:၄၅** တရုတ်ကာတွန်း **'ရိုကုံးစွန့်စားခန်း'** (အပိုင်း-၆)
**၀၉:၁၅** Road to 31st SEA Games Vietnam (Athletics)
**၀၉:၃၅** MRTV Travelogue
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၄၀** 'မေတ္တာပန်းများပွင့်စေမယ်' တေးဂီတ ပျော်ပြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၅** အသိပညာနှင့်အမှန်တရား
**၁၂:၃၀** This Week Special Interest
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာ့ဂန္ထဝင်ရုပ်ရှင် **'ချစ်ကမ္ဘာမှာပင်းနဲ့ငါ'**
**၁၆:၃၅** ကုန်ကြမ်းမှသည် ကုန်ချောဆီသို့
**၁၇:၁၅** ထူးခြားစုံလင်အာရုပစီပိတ်အစီအစဉ်
**၁၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာသိဂိုဇေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ ရှိုး ဝှက်ချက်'** (အပိုင်း-၈၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** မြန်မာဗီဒီယိုဇာတ်လမ်း **'ချစ်တယ်'**

**mitv**

**07:01** Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
**07:09** Great Shwedagon - The Planetary Posts
**07:22** Will you feed the pigeons?
**07:28** Myanmar Tradition of Lotus Flower
**07:49** Mobile House
**08:00** Mekong-Lancang Cooperation: Puppet Festival- Preliminary Performace by Female Dancers
**08:05** Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of Chinahina
**08:15** Today Myanmar: The Handicraft Businesses in Myinkaba Village
**08:24** Myanmar Traditional Brass Embossed Painting
**09:01** News
**09:26** Global Partnership for Brighter Future: Kingdom of Saudi Arabia Pavilion at Expo 2020 Dubai
**09:36** Healthy Diet: Keto Diet

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ပေါ်မြေမှ ကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
နလုံးကျန်းမာရေးအကြောင်း သိကောင်းစရာ
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
မြတ်နိုးဖွယ်ရာ ဝါးလက်မှုပညာ
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ခနိုပူး၏အသုံးဝင်ပုံ အကျိုးကျေးဇူး
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ကျော်တော်တောင်ပွဲ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ဝါးထဲကပိုး
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝကောထမင်းဟင်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ရွှေတံခါးမြို့လေးဆီသို့ အလည်တစ်ခေါက်
**ဝကေကရင် (၂၁:၀၀ မှ ၂၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** Road to 31st SEA Games Vietnam (လက်ငွေ့)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ကိုင်းကျူးကိုင်းဆက်နည်းပညာ
**၀၇:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၇:၃၅** ဘွာနာလျှာနာရောဂါကာကွယ်ဖို့ကာကွယ်ဆေးအခမဲ့ထိုးကြပါစို့
**၀၉:၀၀** ရေကန်အသင့်ကြာအသင့်
**၀၉:၄၅** ရေရှည်တည်တံ့သောပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝနေ့ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးဟောင်းများဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွှန့်၊ ဦးလဆိုင်း(ခ)ဦးဒါရှီလဆိုင်း၊ ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့အပေါ် စီရင်ချက်အမိန့်ချမှတ်

**နေပြည်တော် ဧပြီ ၂၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ဝန်ကြီးဟောင်းများဖြစ်ကြသော ဦးနေဝင်း၊ ဦးဇော်ဝင်း၊ ဦးဝေလင်း၊ ဦးဝင်းညွှန့်တို့နှင့် ဆက်စပ်တာဝန်ရှိပုဂ္ဂိုလ်များအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ စုံစမ်းစစ်ဆေး အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းနှင့် ဦးဝင်းညွှန့်တို့သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလလျာထားချက်တွင် ပါရှိခြင်းမရှိသည့် မြစ်ကြီးနား-ဗန်းမော်လမ်း AC ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂၃ မိုင် လုပ်ငန်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်သို့ အပ်နှံရမည့် ငွေကျပ်သန်း ၁၁၀၀၇ ဒသမ ၀၀၉ ဖြင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုကို လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်း၊ QC အဖွဲ့၏ စစ်ဆေးချက်အရ လမ်းအရည်အသွေးမပြည့်မီသဖြင့် ပြန်လည်ပြုပြင်ရခြင်း၊ စာချုပ်စည်းကမ်းနှင့်အညီ ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေးကို နစ်နာဆုံးရှုံးစေခဲ့ခြင်း။

**နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးစေခဲ့**

ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းနှင့် ဦးလဆိုင်း(ခ) ဦးဒါရှီလဆိုင်းတို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၂၀ ပြည့်နှစ်အတွင်း ဖမ်းဆီးရမိသည့် သလင်းကျောက်တန်ချိန် ၁၀၀၀၀ ကို ရောင်းချခဲ့ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုမရှိဘဲ တစ်တန်လျှင် ငွေကျပ် ၃၆၀၀၀ ဖြင့် ဈေးနှုန်းလျှော့၍ ကုမ္ပဏီ နှစ်ခုကို တန် ၅၀၀၀ စီ ခွဲဝေရောင်းချခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်း ၂၄၀ နစ်နာဆုံးရှုံးစေခဲ့ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၇၀/၂၀၂၀) အရ သလင်းကျောက် ရောင်းချရရှိငွေ၏ ၂၀ ရာခိုင်နှုန်း ငွေကျပ် ၇၂ သန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းမှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးစေခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းတို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ညှော်ဂေဟာ နှစ်ထပ်ဆောင် ဆောက်လုပ်ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေ ပိုလျှံရန်ပုံငွေ (General Reserve Fund- GRF) မှ သုံးစွဲခွင့်မရှိသည့် ငွေကျပ် ၁၄၉၂ သန်းကျော်ကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိဘဲ သုံးစွဲဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ငွေကြေးများ နစ်နာဆုံးရှုံးစေခဲ့ခြင်း။

**နစ်နာဆုံးရှုံးစေခဲ့**

ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းတို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေမြင့်ရပ်ကွက်၊ တပ်ကုန်းရပ်ကွက်နှင့် ဒူကထောင်ရပ်ကွက်တို့အတွင်း ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကွန်ကရစ်တံတားနှင့် ကွန်ကရစ်ရေပြွန် တည်ဆောက်ခြင်း လုပ်ငန်းသုံးခုတို့အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၈ သန်းကျော်အား နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်မှုမရှိဘဲ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုသို့ လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေ နစ်နာဆုံးရှုံးစေခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးဟောင်း ဦးဇော်ဝင်းသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း နယ်စပ်စစ်ဆေးရေးဂိတ် တာဝန်ခံ ဝန်ထမ်းများထံမှ ငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၂၁ သိန်းခန့်ကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်အတွင်း ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီး လမ်းတွင် ဖမ်းဆီးရမိသော ဓာတ်မြေဩဇာများ လေလံတင်ရောင်းချရရှိငွေကျပ် ၅၂၅ သန်းကျော်အနက် ဖမ်းဆီးရာတွင်ပါဝင်သော အဖွဲ့များအား ဆုကြေးငွေ ခွဲဝေပေးရာတွင် ၎င်းအတွက် ငွေကျပ် ၅၇ သန်းကျော်အား ဥပဒေနှင့်မညီဘဲ အကျိုးခံစားခွင့်ရယူခဲ့ခြင်းနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း မိုးကောင်းမြို့နယ်ပါတီရုံး ဆောက်လုပ်ရန် အကြောင်းပြကာ ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီပိုင်ရှင်များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကို တောင်းခံရယူခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးဟောင်း ဦးလဆိုင်း(ခ)ဦးဒါရှီလဆိုင်းသည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ပြည့်နှစ်အတွင်း ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ပြည်နယ်ပါတီရုံးနှင့် ဖားကန့်မြို့နယ်ပါတီရုံး ဆောက်လုပ်ရန် အတွက် အကြောင်းပြကာ ကျောက်မျက်လုပ်ငန်းရှင်များထံမှ စုစုပေါင်း ငွေကျပ် သိန်း ၉၆၀ ကို တောင်းခံရယူခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးဟောင်း ဦးဝင်းညွှန့်သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ဝိုင်းမော်မြို့နယ် ပါတီရုံးဆောက်လုပ်ရန် အကြောင်းပြကာ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ နေပြည်တော် ပါတီသုတေသနရုံး လိုအပ်သော ပစ္စည်းများဝယ်ယူရန် အကြောင်းပြကာ ငွေကျပ်သိန်း ၂၅၀ တို့ကိုလည်းကောင်း တောင်းခံရယူခဲ့ခြင်း။

**အမှု ၁၂ မှုဖြင့် လက်ခံစစ်ဆေးခဲ့**

ပြည်နယ်ဝန်ကြီးဟောင်း ဦးနေဝင်းနှင့် ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့သည် ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ တရားဝင်သုံးစွဲခွင့်မရှိသည့် လိုင်စင်မဲ့ မော်တော်ယာဉ် ၂၃ စီးအတွက် စက်သုံးဆီ၊ ယာဉ်ပြင်ဆင်စရိတ်၊ အကြီးစားပြင်ဆင်စရိတ် စုစုပေါင်းငွေကျပ် ၂၁၉ သန်းကျော်ကို ထုတ်ယူသုံးစွဲခဲ့၍ နိုင်ငံတော်၏ ငွေကြေးများ ထိခိုက်နစ်နာဆုံးရှုံးစေခြင်းတို့ကြောင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးဟောင်းများဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွှန့်၊ ဦးလဆိုင်း(ခ) ဦးဒါရှီလဆိုင်း၊ ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်းတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်အပေါ် ယင်းဥပဒေပုဒ်မ ၅၆ အရလည်းကောင်း ကချင်ပြည်နယ် တရားလွှတ်တော်တွင် ၂၀-၉-၂၀၂၁ ရက်နေ့၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၁/၂၀၂၁ မှ ၁၂/၂၀၂၁ အထိ အမှု ၁၂ မှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

၎င်းအမှုများအပေါ်ပြစ်မှုထင်ရှားသဖြင့် ကချင်ပြည်နယ်တရားလွှတ်တော်က ဧပြီ ၂၂ ရက်တွင် ဒေါက်တာခက်အောင်အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်ကျခံစေရန်၊ ဦးဝေလင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ အလုပ်နှင့် ထောင်ဒဏ် ၉ နှစ် ကျခံစေရန်၊ ဦးဝင်းညွှန့်၊ ဦးလဆိုင်း (ခ)ဦးဒါရှီလဆိုင်း၊ ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်းတို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန်နှင့် ညွှန်ကြားရေးမှူး ဦးစိုးနိုင်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အလုပ်နှင့် ထောင်ဒဏ် ၈ လနှင့် ဒဏ်ငွေ သုံးသိန်းကို တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လှိုင်သာယာ(အရှေ့ပိုင်း)နှင့်(အနောက်ပိုင်း)မြို့နယ်များအတွင်း အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေ ကျော်စိုးထက်(ခ) ကျော်စိုး(ခ) ကျောင်းဆရာ (ဘ) ဦးအောင်အောင်နှင့် ရဲရင့်ထူး(ခ)ရဲကြီး (ဘ) ဦးစန်းထွန်းတို့သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆန္ဒပြမှုများတွင် ပါဝင်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း၌ သင်တန်းတက်ရောက်ခဲ့ခြင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက်အနီးရှိ ရဲကင်းစခန်းအပါအဝင် အများပြည်သူများ သွားလာလျက်ရှိသည့်နေရာများကို လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းတို့ကြောင့်လည်းကောင်း၊ အဆိုပါရပ်ကွက်နေ ငွေးသန္တာ(ခ)ငွေးစန္ဒာ(ခ) ငွေးငွေး(ဘ)ဦးဘိုသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆန္ဒပြမှုများတွင် ပါဝင်ခြင်း၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ကျော်စိုးထက်(ခ) ကျောင်းဆရာက ပေးအပ်သည့် လက်လုပ်မိုင်းများ လက်ခံသိမ်းဆည်းပေးခြင်းနှင့်



အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)နှင့် ၅၀(ည) အမှုမှ တရားခံ ကျော်စိုးထက်(ခ)ကျော်စိုး(ခ)ကျောင်းဆရာ၊ ရဲရင့်ထူး(ခ)ရဲကြီးနှင့် မငွေးသန္တာ(ခ) ငွေးစန္ဒာ(ခ)ငွေးငွေး (ဝဲမှယာ) တို့၏ မှတ်တမ်းဓာတ်ပုံ။



ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂) အမှုမှ တရားခံ ကျော်သီဟထွန်း(ခ)သီဟ၏ မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သင်တန်း တက်ရောက်ရန် ငွေကြေးထောက်ပံ့မှုများကို လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့်လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် ၎င်းတို့ကို "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်ကို အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

**အားပေးကူညီမှု**

အလားတူ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နေ ကျော်သီဟထွန်း(ခ)သီဟ(ဘ) ဦးသိန်းထွန်းသည် ၂၀၂၁ ခုနှစ် မတ် ၁၄ ရက်နှင့် ၁၅ ရက်တွင် အရိုး၊ ဟန်ဦး၊ ဖိုးသကြန်၊ နွယ်ထွန်း(ခ)လွယ်ထွန်း၊ ကြွံကြီး(ခ)ကျော်မိုးထက်၊ ဇော်မျိုးထက်၊ ကိုမင်း၊ အရှည်ကြီး(ခ)ဝတုတ်၊ ထွန်းထွန်းအောင်(ခ)ဘိုထွန်း(ခ)ဂျပန်ကြီး(ခ)ဝင်းနိုင်တို့နှင့်အတူ အမှတ်(၈)ရပ်ကွက် အောင်ရတနာလမ်းနေ ဦးသိန်းဦး(ခ) ဦးမြင့်ငွေးနှင့် ဦးမြသန်း(ခ)စွန်ရဲတို့အား ဒလန်ဟုစွပ်စွဲ၍ ဝိုင်းဝန်းရိုက်နှက်ခဲ့ကြပြီး တာယာကွင်းများပေါ်တင်၍ ဓာတ်ဆီလောင်း၍ မီးရှို့သတ်ဖြတ်ခဲ့ခြင်းဖြင့် လူသတ်မှုကျူးလွန်ရာ၌ အားပေးကူညီမှုပြုခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၂)/၁၁၄ အရ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် ၎င်းအား "အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ်" ပြစ်ဒဏ်ကို အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

**ပူးတွဲထုတ်ပြန်ထား**

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အမှတ်(၅)ရပ်ကွက်နေ အောင်ကောင်းသန့်သည် ၎င်းအသုံးပြုသည့် "Aung Thant" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝင်းရပ်ကွက်နေ မင်းမင်းဦး(ခ) မိုးသီးသည် ၎င်းအသုံးပြုသည့် "Min Min Oo" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ထက်ခေါင်ဝင်းသည် ၎င်းအသုံးပြုသည့် "Htet Khaung Win" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ စောယုအောင်သည် ၎င်းအသုံးပြုသည့် "Saw Yu Aung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ ပိုင်စိုး(ခ)အံ့ကျော်နှင့် ၎င်း၏ဇနီးဖြစ်သူ ဇင်မာအောင်တို့သည် ၎င်းတို့အသုံးပြုသည့် "Paing Soe" Facebook အကောင့်နှင့် "Zin Mar Aung" Facebook အကောင့်၊ ရွှေပြည်သာမြို့နယ် အမှတ်(၂၄)ရပ်ကွက်နေ တင့်ဝေ(ခ)ကိုတင့်သည် ၎င်းအသုံးပြုသည့် "Ko Tint" Facebook အကောင့်၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးခနောင်ရပ်ကွက်နေ သက်ဇော်ဦးသည် ၎င်းအသုံးပြုသည့် "Thet Zaw Oo" Facebook အကောင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် တောင်ရပ်ကွက်နေ ဖိုးတုတ်၊ လင်းလင်းထိုက်နှင့် ချိုချိုစန်း(ခ)ငယ်ငယ်တို့သည် ၎င်းတို့အသုံးပြုသည့် "ဖိုးတုတ်" Facebook အကောင့်၊ "Lin Lin Htike" Facebook အကောင့်နှင့် "Cho Cho Sann" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၅၆၉ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ဒေသခံပြည်သူ ၈၄၄၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၃၀၅၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၆၄၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၇၅၅၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၅၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## သနပ်ပင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**သနပ်ပင် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယမန်နေ့နံနက်ပိုင်းက သတ်မှတ်စုရပ်များအလိုက် ကွင်းဆင်းထိုးနှံပေးခဲ့သည်။

အဆိုပါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုခုနစ်အုပ်စုရှိ အုပ်ချုပ်ရေးမှူးများက ရပ်ကွက်/ကျေးရွာများရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ စုရပ်များအလိုက် အသက် (၁၅)နှစ်မှ (၁၈)နှစ်အတွင်းရှိ ပြည်သူ ၈၀၀ တို့အား ကိုဗစ်-၁၉ ကာကွယ်ဆေး (Sinovac)ထိုးနှံပေးခဲ့ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား သတ်မှတ်စုရပ်များတွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမိုး (ပြန်/ဆက်)**

## မြဝတီမြို့၌ အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မြဝတီ မေ ၂၃**

လူငယ်များ စာပေ၏ကောင်းကျိုးကို သိရှိပြီး စာအုပ်စာပေဖတ်ရှုခြင်းနှင့် စာဖတ်သည့်အလေ့အထ ပိုမိုတိုးတက်ရရှိစေရေး လူငယ်နှင့်စာပေဆိုင်ရာ ကောင်းကျိုးများ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပကြောင်း သိရသည်။

ဟောပြောပွဲတွင် မြဝတီခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက ယနေ့လူငယ်များသည် နောင်အနာဂတ်ပင်ဖြစ်ကြောင်း၊ ယနေ့လူငယ်များ အတွေးမှန် အမြင်မှန် လုပ်ရပ်မှန်မှ နောင်အနာဂတ်လည်း မှန်ကန်ကောင်းမွန်သည့် အနာဂတ်ဖြစ်လာမည်ဖြစ်ကြောင်း၊ အတွေးမှန် လုပ်ရပ်မှန်စေဖို့ စာအုပ်စာပေ ဖတ်ရှုရန်လိုအပ်ကြောင်းနှင့် စာပေဖတ်ရှုခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲသို့ မြဝတီမြို့ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ စိတ်ဝင်စားသူ လူငယ်လူရွယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့် ငွေကြေးဈေးကွက်တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ပြည်တွင်းရွှေနှင့် ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ထိန်းသိမ်း၊ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**ကို ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်း ပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**၏ တိုင်ကြားစာစိစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်**
**ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့်လုပ်ငန်းများတွင် လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစားထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ဟားခါးတပ်နယ် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အနွေးထည်များ ထောက်ပံ့ပေးအပ်

ဟားခါး မေ ၂၃

ဟားခါးတပ်နယ် အခြေခံပညာမူလတန်းလွန်ကျောင်း ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများအတွက် အနွေးထည်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်နှင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**အနွေးထည်များပေးအပ်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများအား လာမည့်ဇွန်လတွင် ကျောင်းပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ယခုအချိန်၌ပင် စာများကြိုတင်ဖတ်ရှုလေ့လာရန်၊ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများအား ဝိုင်းဝန်းကူညီသင်ကြားပေးရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အားလပ်သည့်အချိန်များတွင် ဖုန်းနှင့်ဂိမ်းဆော့ခြင်းများကို မပြုလုပ်ဘဲ မိမိတတ်နိုင်သလောက် မိဘအလုပ် ဝိုင်းဝန်းကူညီရန် တိုက်တွန်းအားပေးစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ စစ်ဗျူဟာမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ဇနီး ဒေါ်သိန်းသိန်းမော်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးမင်းအုန်းတို့က ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အနွေးထည်များ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဟားခါးမှသင်္ကြန်ကာလအတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်သားများအား ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပသည့် မိတ်ဆုံစားပွဲသို့ တက်ရောက်ရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စောထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တပ်မိသားစုဝင်များ၏ ကပြဖြေဖျော်မှုကို ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ ကြဲပက်ပွဲနှင့် မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

မြန်အောင် မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ပွဲနှင့် မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကို တဲကြီးကုန်းကျေးရွာ စံပြဧက ၂၀၀ အဆင့်မြင့်လယ်ယာရှိ တောင်သူဦးအောင်ခိုင်ထွန်း၏ လယ်ယာမြေ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

**အခမဲ့ဖြန့်ဝေ**

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာများကို တက်ရောက်လာသည့် တောင်သူများထံသို့ အခမဲ့ဖြန့်ဝေပေးပြီး တောင်သူဦးအောင်ခိုင်ထွန်း၏ လယ်ယာမြေ၌ သစ်စိမ်းမြေဩဇာများ ကြဲပက်သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ထွန်းဇော်ထွန်း**
**(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မင်္ဂလာစံပြုရုပ်ရှင်ရုံ(မကွေး)တွင် ရုပ်ရှင်ပြသနေမှုအား ကြည့်ရှုအားပေး

မကွေး မေ ၂၃

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံများအား မြန်မာနှစ်ဆန်းတစ်ရက်နေ့မှ စတင်၍ ရုပ်ရှင်များ ပြန်လည်ပြသလျက်ရှိရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီက မင်္ဂလာစံပြုရုပ်ရှင်ရုံ(မကွေး) တွင် ရုပ်ရှင်ပြသနေမှုအား ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

မင်္ဂလာစံပြုရုပ်ရှင်ရုံ (မကွေး)သို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မင်္ဂလာစံပြုရုပ်ရှင်ရုံ (မကွေး) တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ရုပ်ရှင်ပြသနေမှု၊ ရုပ်ရှင် လာရောက်ကြည့်ရှုကြသည့် ပြည်သူများအား ရုံအဝင်တွင် ကိုယ်အပူချိန်တိုင်းစက်ဖြင့် တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များ စီစဉ်ထားခြင်း၊ ပြည်သူများ ရုပ်ရှင်ကြည့်ရာတွင် စိတ်အေးချမ်းစွာ ကြည့်ရှုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိရေးတို့ကို လမ်းညွှန်မှာကြားပြီး မင်္ဂလာစံပြုရုပ်ရှင်ရုံ (မကွေး) တွင် ရုံတင်ပြသလျက်ရှိသည့် "ဝေးမနေချင်ဘူး" မြန်မာရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုအားပေးခဲ့သည်။

**ရုံတင်ပြသသွားမည်**

မကွေးမြို့ မင်္ဂလာစံပြုရုပ်ရှင်ရုံ(မကွေး) တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့မှ စတင်၍ ရုပ်ရှင်များ ပြန်လည်ပြသလျက်ရှိကာ မေ ၂၂ ရက်မှ ၂၈ ရက်အထိ မွန်းတည့် ၁၂ နာရီတွင် "ဝေးမနေချင်ဘူး" မြန်မာရုပ်ရှင်၊ မွန်းလွဲ ၃ နာရီတွင် Pee Nak 3 ထိုင်းရုပ်ရှင်နှင့် ညနေ ၆ နာရီတွင် Beast အိန္ဒိယရုပ်ရှင်တို့အား ရုံတင်ပြသသွားမည်ဖြစ်သည်။ ရုပ်ရှင်ချစ်သူပြည်သူများအနေဖြင့် အပန်းဖြေလာရောက် ကြည့်ရှုနိုင်ပါကြောင်းနှင့် ရုံးဝင်ခနှုန်းထားများအနေဖြင့် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၊ ငွေကျပ် ၂၀၀၀၊ ငွေကျပ် ၂၅၀၀၊ ငွေကျပ် ၃၀၀၀ နှင့် ၃၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။





**မောင်ညီညာ**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

ကမ္ဘာ့ငှက်ဖျားရောဂါနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာတစ်ခွင် ငှက်ဖျားရောဂါကင်းစင်စေချင်

တင်ထက်ထက်ဇော်

ငှက်ဖျားရောဂါပိုး လူ့ခန္ဓာကိုယ်တွင်း တစ်ကြိမ်ဝင်သွားပါက ရောဂါအမြစ်ပြတ်ပျောက်ကင်းရန် လွန်စွာခဲယဉ်းလှပေသည်။ ပြင်းထန်သောအခြေအနေတွင် တစ်ကြိမ်တည်းဖြင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်တတ်သည်။ ငှက်ဖျားရောဂါသည် ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဖြစ်များသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်း၌ ငှက်ဖျားရောဂါပိုးဖြစ်ပွားသူဦးရေ သန်း ၃၅၀ မှ ၅၀၀ နီးပါးမျှရှိပြီး ယင်းရောဂါကြောင့် သေဆုံးသူဦးရေမှာ တစ်သန်းမှ သုံးသန်းကြားတွင် ရှိနေခြင်းကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးမှု၊ ရာသီဥတုပြောင်းလဲမှုသည် ငှက်ဖျားရောဂါကို ပိုမိုကျယ်ပြန့်စေသဖြင့် ၂၀၃၀ ပြည့်နှစ်နှင့် ၂၀၅၀ ပြည့်နှစ်အကြား လူပေါင်း ၆၀၀၀၀ ခန့် ငှက်ဖျားရောဂါကြောင့် သေဆုံးနိုင်ဖွယ်ရှိကြောင်းနှင့် လက်ရှိ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါအပေါ် အထူးအလေးပေး အားစိုက်နေရသဖြင့် ကမ္ဘာတစ်ဝန်း ငှက်ဖျားရောဂါကြောင့် သေဆုံးမှုသည်လည်း ၁၂ ရာခိုင်နှုန်းတိုးလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဆိုသည်။

### ကမ္ဘာ့ငှက်ဖျားရောဂါနေ့

WHO က နှစ်စဉ် ဧပြီလ ၂၅ ရက်နေ့ကို ကမ္ဘာ့ငှက်ဖျားရောဂါနေ့ (World Malaria Day) အဖြစ် သတ်မှတ်ကာ ကျန်းမာရေး အသိပေးလှုံ့ဆော်မှုများ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသည်။ ၂၀၀၇ ခုနှစ်တွင် ကျင်းပခဲ့သော အကြိမ် (၆၀) မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံက ငှက်ဖျားရောဂါကို ကာကွယ်ကုသရန်နှင့် ရောဂါတိုက်ဖျက်ရေး မဟာဗျူဟာများ အကောင်အထည်ဖော်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ကျယ်ပြန့်စွာ ပညာပေးဖြန့်ဖြူးနိုင်စေရန် ရည်ရွယ်၍ World Malaria Day အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ငှက်ဖျားရောဂါ ကူးစက်ခံစားရဆုံးသူများမှာ အာဖရိကတိုက် ဆာဟာရဒေသတွင်းမှ ကလေးငယ်များဖြစ်ကြသည်။ ထို့ကြောင့် တောင်အာဖရိက ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (SADC) ကလည်း နှစ်စဉ် နိုဝင်ဘာလ ၂ – ၆ ရက်နေ့ကို "SADC Malaria Week" အဖြစ် သတ်မှတ်ထားပြီး နိုဝင်ဘာလ ၆ ရက်နေ့ကိုလည်း "SADC Malaria Day" အဖြစ် အထူးတလည် သတ်မှတ်ထားသည်။

ထို့ကြောင့် ကုလသမဂ္ဂက ထောင်စုနှစ်ရည်မှန်းချက်အဖြစ် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ခွင် ငှက်ဖျားရောဂါ ကင်းစင်ပပျောက်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု တရားဝင်ကြေညာထားသည်။ အဆိုပါစီမံချက်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ငှက်ဖျားဆေးဝါးများ ပိုမိုဖြန့်ဖြူးလာသည့်အတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့မှာ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာ တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီဖြစ်သည်။ အဆိုပါစီမံချက်အတိုင်း မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါကင်းဝေးရေးအတွက် ဦးတည်ဆောင်ရွက်နေကြောင်း "ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနား" သတင်းများအရ သိရသည်။ ယင်းအထိမ်းအမှတ်အခမ်းအနားကို "End Malaria For Good" "လူသားအားလုံး ကျန်းမာဖို့အရေး ငှက်ဖျားရောဂါတိုက်ဖျက်မနေး" နှင့် "United Fight Against Dengue" "သွေးလွန်တုပ်ကွေးတိုက်ဖျက်ဖို့၊ စုပေါင်းညီညာဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၁၇ ခုနှစ်က နေပြည်တော်တွင် ကျင်းပခဲ့သည်။

### ကလေးများအတွက် WHO အကြံပြုချက်

ဗြိတိန်အခြေစိုက် ဂလက်ဆိုစမစ်ကလိန်းကုမ္ပဏီက ထုတ်လုပ်သော RTS,S/AS01 (Mosquirix) အမည်ရှိ ကမ္ဘာ့ပထမဆုံး ငှက်ဖျားရောဂါကာကွယ်ဆေးကို ဂါနာနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် မာလာဝီနိုင်ငံတို့၌ ၂၀၁၉ ခုနှစ်မှစ၍ ရှေ့ပြေးအဖြစ် စမ်းသပ်အသုံးပြုခဲ့ပြီး ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုတို့ကို ကလေးများအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သည်။ သုတေသီများက Mosquirix ငှက်ဖျားကာကွယ်ဆေးကို ဖော်ပြပါနိုင်ငံ သုံးနိုင်ငံမှ ကလေးဦးရေ ရှစ်သိန်းကျော်ကို အသက် ငါးလ၊ ခြောက်လအရွယ်မှစ၍ တစ်လစီခြားပြီး သုံးလုံးထိုးနှံပေးခဲ့ရာ ပထမဆုံးအလုံးထိုးနှံပြီး ၁၈ လအကြာတွင် စတုတ္ထအလုံးကို ထိုးနှံပေးခဲ့သည်။ စမ်းသပ်မှုထွက်ပေါ်လာသည့် ရလဒ်များအရ Mosquirix ကာကွယ်ဆေး ပထမဆုံး သုံးလုံးထိုးနှံပြီးချိန်တွင် အသက် ငါးနှစ်နှင့် ခုနစ်နှစ်ကြားရှိ ကလေးများ၌ ငှက်ဖျားရောဂါကူးစက်နိုင်ခြေ ၅၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားပြီး အသက် ရက်သတ္တခြောက်ပတ်နှင့် ၁၂ ပတ်ကြား ကလေးများတွင် ၂၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။ ထို့ပြင် ၎င်းကာကွယ်ဆေးသည် ရောဂါပြင်းထန်စွာခံစားရမှု၏ ၃၀ ရာခိုင်နှုန်းကို လျော့နည်းစေကြောင်း၊ Mosquirix ကာကွယ်ဆေး ပေါ်ထွက်လာစေရန် နှစ်ပေါင်း ၃၀ ကျော် ကြိုးပမ်းခဲ့ရပြီး ယင်းကာကွယ်ဆေး ထွက်ပေါ်လာမှုသည် လူသားကျန်းမာရေးသမိုင်းတွင် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ပြီဖြစ်ကြောင်း WHO က ပြောကြားသည်။ ထို့ကြောင့် ကလေးများကို Mosquirix ထိုးနှံပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၁ ခုနှစ် အောက်တိုဘာလဆန်းမှစပြီး ကမ္ဘာ့နိုင်ငံများသို့ အကြံပြုထားသည်။




### မြန်မာနိုင်ငံနှင့် ငှက်ဖျားရောဂါ

မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ လေးသိန်းကျော်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ရောဂါဖြစ်စဉ်လျော့ကျသွားပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ မြန်မာပြည်တွင် ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ တစ်သိန်းကျော်သာ ရှိတော့ကြောင်းနှင့် ယင်းနောက်ပိုင်း ရောဂါဖြစ်ပွားမှုနှုန်းများလည်း ကျဆင်းလာပြီဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ မည်သို့ပင်ဆိုစေကာမူ ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့ငှက်ဖျားရောဂါ ဖြစ်ပွားသေဆုံးမှု၏ ၉၀ ရာခိုင်နှုန်းသည် အာဖရိကနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိပြီး ဒုတိယအများဆုံး ဖြစ်ပွားသေဆုံးမှုနှုန်းမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသည်လည်း အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံများနှင့်အတူ ဖြစ်ပွားသေဆုံးမှုနှုန်း အများဆုံးတွင် ပါဝင်နေသည်။ မြန်မာ့လူဦးရေ တစ်ဝက်ကျော်သည် ငှက်ဖျားရောဂါ ကူးစက်မှုအန္တရာယ်ရှိသည့် ဒေသများတွင်နေထိုင်ကြရပြီး ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်ခင် ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းစာရင်းအရ မြန်မာတစ်နိုင်ငံလုံးတွင် ငှက်ဖျားဖြစ်ပွားသူ သုံးသိန်းနီးပါးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန မှတ်တမ်းများတွင် ဖော်ပြထားသည်။ ဒေသန္တရကျန်းမာရေးဝန်ထမ်းများက ကြိုးစားအားထုတ်လျက်ရှိသော်လည်း ယနေ့အချိန်အထိ ငှက်ဖျားရောဂါကို ထိထိရောက်ရောက် ချေမှုန်းနိုင်ရန် ခက်ခဲနေပါသေးသည်။

သည်။ ထိုခြင်မအကိုက်ခံရပြီးနောက် ဆယ်ရက်မှ ရက်သတ္တသုံးပတ်အတွင်း ငှက်ဖျားပိုးဝင်သွားသည်။ လူ့ခန္ဓာကိုယ်တွင်း ငှက်ဖျားရောဂါပိုး တစ်ကြိမ်ဝင်မိပြီဆိုသည်နှင့် လုံးဝအမြစ်မပြတ်နိုင် သို့မဟုတ် လွန်စွာခဲယဉ်းသည်။ ထို့ကြောင့် ငှက်ဖျားရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများမှာ လွန်စွာများပြားလှသဖြင့် ခြင်ကိုက်မခံရအောင် နည်းအမျိုးမျိုးဖြင့် ကြိုတင်ကာကွယ်ထားသင့်ပါသည်။

### သတိပြုဖွယ် ဆေးယဉ်ပါးငှက်ဖျားရောဂါ

ပုံမှန်ပေးနေကျ ငှက်ဖျားဆေးများကို ခံနိုင်ရည်ရှိသော ဆေးယဉ်ပါးငှက်ဖျားရောဂါသည် အရှေ့တောင်အာရှနိုင်ငံများဆီ မြန်မြန်ဆန်ဆန် ကူးစက်ပျံ့နှံ့လာပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံနှင့် ထိုင်းနိုင်ငံ ဆေးပညာရှင်များက ထုတ်ဖော်ပြောကြားသည်။ ငှက်ဖျားရောဂါ နှိမ်နင်းတိုက်ဖျက်သောနေရာတွင် အောင်မြင်ဖြစ်ထွန်းမှု ကြီးမားအောင် လုပ်ဆောင်လာနိုင်ခဲ့သော်လည်း ဆေးဒဏ်ခံနိုင်သော ရောဂါပျံ့နှံ့လာမှုက ခြိမ်းခြောက်လာလျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံတွင် လက်ရှိငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်း ကျဆင်းနေသော်လည်း ဆေးယဉ်ပါးငှက်ဖျားရောဂါအတွက် စိုးရိမ်ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနက သတိပေးထားသည်။ ဆေးယဉ်ပါးငှက်ဖျားရောဂါဆိုသည်မှာ ငှက်ဖျားဆေးများ ပုံမှန်မသောက်ခြင်း၊ ငှက်ဖျားဆေးအတုများ သောက်သုံးမိခြင်းတို့ကြောင့် ဖြစ်ပွားလာရကာ ဆေးမတိုးသောငှက်ဖျားရောဂါအဖြစ်သို့ ရောက်ရှိ

"ငှက်ဖျားရောဂါပိုး သယ်ဆောင်လာသည့် အနောဖလီဟု အမည်ရသော "ခြင်မ" အကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါ ဖြစ်လာရသည်။ ထိုခြင်မအကိုက်ခံရပြီးနောက် ဆယ်ရက်မှ ရက်သတ္တသုံးပတ်အတွင်း ငှက်ဖျားပိုးဝင်သွားသည်။ လူ့ခန္ဓာကိုယ်တွင်း ငှက်ဖျားရောဂါပိုးတစ်ကြိမ် ဝင်မိပြီဆိုသည်နှင့် လုံးဝအမြစ်မပြတ်နိုင် သို့မဟုတ် လွန်စွာခဲယဉ်းသည်။ ထို့ကြောင့် ငှက်ဖျားရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများမှာ လွန်စွာများပြားလှသဖြင့် ခြင်ကိုက်မခံရအောင် နည်းအမျိုးမျိုးဖြင့် ကြိုတင်ကာကွယ်"

### နောက်ဆက်တွဲဆိုးကျိုးများ လွန်စွာများပြား

ငှက်ဖျားရောဂါပိုး သယ်ဆောင်လာသည့် အနောဖလီဟုအမည်ရသော "ခြင်မ" အကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါ ဖြစ်လာရသည်။ ထိုကူးစက်ရောဂါပိုးဖြစ်စေသည့် ခြင်မများက ညအခါတွင် ပို၍ ကိုက်လေ့ရှိသည်။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားတတ်ပြီး အကယ်၍ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ငှက်ဖျားရောဂါဖြစ်သည့်အခါ အချိန်မတိုင်မီ ကလေးမီးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးမွေးဖွားခြင်း၊ မွေးဖွားပြီးပြီးချင်း ကလေးသေဆုံးခြင်း၊ သားလျှောခြင်းတို့ ဖြစ်နိုင်လာခြင်းဖြစ်သည်။ ၎င်းဆေးယဉ်ပါးငှက်ဖျားရောဂါသည် ယခုအခါ အိမ်နီးချင်းနိုင်ငံတချို့တွင် ဖြစ်ပွားလျက်ရှိနေပြီး မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့လာခြင်းမဖြစ်ရလေအောင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများတွင် ယင်းရောဂါအတွက် အလေးထားကာကွယ်စောင့်ရှောက်မှုများဆောင်ရွက်ခြင်း၊ ဆေးဈေးကွက်တွင် ငှက်ဖျားဆေးအတုများ ဝင်ရောက်လာခြင်းမရှိစေရန်အတွက်ကိုလည်း သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၉ သို့ ○

# လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ ရှမ်းရိုးရာစုပေါင်းရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပ



နေပြည်တော် မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တပုညနန္ဒအား အမှူးထား၍ လားရှိုးမြို့နယ်ရှိဒေသခံ တိုင်းရင်းသားပြည်သူများ၏ ရှမ်းရိုးရာစုပေါင်းရှင်ပြုအလှူတော်မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း ဆရာတော်အား ဖူးမြော်ပြီး ကျောင်းတိုက်အတွင်း အသစ်ဆောက်လုပ်လျက်ရှိသော သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအတွက် အလှူငွေ ကျပ် ၁၀ သိန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်း၌ လားရှိုးမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ရှမ်းရိုးရာစုပေါင်းရှင်ပြုအလှူတော်မင်္ဂလာ၌ ရှင်သာမဏေ ၅၈ ပါးတို့ကို ရှမ်းရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာနှင့်အညီ လှည့်လည်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

### လိုက်နာဆောင်ရွက်ရန်အချက်များ

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကိုတတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ

(မတ်လ၊ ၂၀၂၂)

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာမယဉ်ယဉ်(မင်းကန်)၏ “မန္တမ်းပန်းခင်းကဗျာများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စိတ်နှင့်ရာ၊ အချိုးမညီပြဿနာ၊ တောစံပယ်၊ ပိတောက်ချစ်သူ၊ လောကမွန်၏ ဗိသုကာ၊ စိန်ပန်းဇာနည်၊ ရတနာမွေးနေ့အသစ်သို့၊ ပင်လုံသစ္စာ စသည့် ကဗျာပုဒ်ပေါင်း (၆၂)ပုဒ်ပါဝင်သည်။ ယင်းစာအုပ်နှင့် ပတ်သက်၍ စာမူဆုရွေးချယ်ရေးအဖွဲ့က “ရေးဖွဲ့ထားသည့် အကြောင်းအရာစုံသည်။ ကဗျာအဖွဲ့ ပုံသဏ္ဌာန်စုံသည်။ အကြောင်းအရာနှင့် ကဗျာအဖွဲ့ပုံသဏ္ဌာန်မှာ လိုက်ဖက်သည်ချည်းဖြစ်သည်။ စကားလုံး၏အသံနှင့် အနက်အလှကို မျှတညီညွတ်စွာသုံးထားရာ ခံစားမှုပေါ်လွင်စေသည်။ ကဗျာသက်ဝင်မှုရှိစေသည်။ တည်ငြိမ်သော ကာရန်စနစ်နှင့် သွက်လက်သော ကာရန်စနစ်ကို အလျဉ်းသင့်သလို ပေါင်းစပ်ဖွဲ့စည်းထားခြင်း၊ သံတူကပ်အလှကို သုံးထားခြင်းတို့ကြောင့် မငြီးငွေ့နိုင်သော အသံစီးဆင်းမှုကို ဖြစ်စေသည်”ဟု မှတ်ချက်ပြုထားသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပေသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၂၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉ – ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း–၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈၊ အမှတ် (တ– ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း–၀၆၇–၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း–၀၂–၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာအုပ်အသင်းစာအုပ် ဖြန့်ချိ

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ပခုက္ကူစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ပထမဆုရ “မကျေးဥ” ရေးသားသည့် “ဘဝတစ်ဆစ် ကြာတစ်ဆစ်နှင့် အခြားဝတ္ထုတိုများ” စာအုပ်ကို ၂၀၂၂ခုနှစ် ဧပြီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉–၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉–၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၁၈ မှ

**ငှက်ဖျားရောဂါလက္ခဏာများ**

ရောဂါလက္ခဏာများမှာ ချွေးစေးများထွက်ကာ ဖျား၍ချမ်းတုန်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ အန်ခြင်း၊ ဝမ်းသက်ခြင်း စသည်တို့ဖြစ်သည်။ အကယ်၍ ရောဂါပြင်းထန်လာပါက သွေးအားနည်းခြင်း၊ ဆီးထဲသွေးပါခြင်း၊ ငှက်ဖျားပိုး ဦးနှောက်ထဲရောက်ကာ သတိလစ်မေ့မြောခြင်း၊ အဖျားကြီးလွန်း၍ သတိလစ်မေ့မြောခြင်း၊ သွေးထဲတွင် သကြားဓာတ်လျော့ကျသွားခြင်း၊ အသက်ရှူလမ်းကြောင်းတွင် ပြဿနာကြီးဖြစ်လာခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ သရက်ရွက်ကြီးခြင်းတို့ ဖြစ်လာသည်။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘောဒီးယား၊ တရုတ် (ယူနန်ပြည်နယ်)၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် မဟာမဲခေါင်ဒေသခွဲခြောက်နိုင်ငံသည် ငှက်ဖျားပပျောက်ရေးတွင် တိုးတက်မှု ဆက်လက်လုပ်ဆောင်နေပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ငှက်ဖျားရောဂါ ၉၇ ရာခိုင်နှုန်း လျော့ကျသွားကြောင်း အစီရင်ခံတင်ပြထားသည်ကို လေ့လာသိရပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း တီဘီ၊ အိတ်ချ်အိုင်ဗွီနှင့် ငှက်ဖျားရောဂါဖြစ်ပွားနှုန်း အများဆုံးနိုင်ငံများတွင် ပါဝင်နေဆဲဖြစ်သော်လည်း ယင်းအစီရင်ခံစာအရ ရောဂါတိုက်ဖျက်ရေး၌ အောင်မြင်မှုရှိနေသည်မှာ ဝမ်းသာစရာဖြစ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ ငှက်ဖျားရောဂါသည် မိမိ၏ခန္ဓာကိုယ်အတွင်း ဇီဝဖြစ်စဉ်များ ပြောင်းလဲမှုကြောင့် ဖြစ်ပွားသည်များ ရှိသကဲ့သို့ လူတစ်ဦးမှတစ်ဦးထံ တစ်ဆင့်ကူးစက်ဖြစ်ပွားသည့်ရောဂါများကိုလည်း တွေ့ရှိနေရသဖြင့် ပေါ့ပေါ့ဆဆမနေသင့်ပေ။

ထို့ပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်း၊ လူအများ တစ်နေရာမှတစ်နေရာသို့ သွားလာမှုများပြားခြင်း၊ ဆေးယဉ်ပါး ငှက်ဖျားပိုးများ ပျံ့နှံ့လာခြင်း၊ ငှက်ဖျားဆေးဝါးအတုများနှင့် အရည်အသွေးမပြည့်ဝသော ဆေးဝါးများကို အသုံးပြုမိခြင်းနှင့် ငှက်ဖျားရောဂါကိုဖြစ်စေသော ခြင်များ အလေ့အထပြောင်းလဲလာခြင်းတို့က ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် စိတ်ခေါ်မှုတစ်ရပ် ဖြစ်နေသေးသည်။ ထို့ကြောင့် မိမိကစ ငှက်ဖျားရောဂါမဖြစ်စေရေးအတွက် နိစ္စဓူဝ သွားလာနေထိုင်မှုများ၌ သတိရှိကြစေလိုပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်များအတိုင်း ပြည်သူလူထုတစ်ရပ်လုံး လိုက်နာသင့်ပါကြောင်းနှင့် ကမ္ဘာတစ်ခွင် ငှက်ဖျားရောဂါ ကင်းစင်စေချင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ဝတ္ထုတို

## လင်းလက်ကြယ်(လက်ပံလှ)




(၁)

"ဟွန်း... တစ်နေကုန်နေတာမှ ဒီလောက်လေးပဲရတာလား" အသံခပ်မာမာနဲ့ပြောလိုက်တဲ့ သီဟရဲ့ စကားကြောင့် ဦးလှ ရင်ထဲမှာ ဝမ်းနည်းလို့မဆုံး။ တစ်ပြိုင်တည်းမှာပဲ သီဟကို ကြည့်လိုက်တယ်။

"ဒီနေ့က မိုးရွာတော့ လူသွားလူလာက အလွန်ပါးတယ်။ အဖေလည်း ရသလောက်တော့ ထိုင်နေတာပဲ သားရယ်"

"ပြောလိုက်ရင်အကြောင်းပြချက်လေးနဲ့။ သူရတဲ့ပိုက်ဆံက သူ့ လိုက်ပို့ရတဲ့ ဆိုင်ကယ်ဆီဖိုးတောင်မကာမိဘူး"

ဦးလှလည်း သီဟကို ဘာမှမပြောတော့ပဲ သူ့အိပ်ရာလေးထဲမှာ ဝင်လှဲလိုက်တယ်။

"ဟဲ့...မိကြည်။ နင်ဈေးသုံးဖို့ ရော့။ ကျန်တာကတော့ ဆိုင်ကယ်ဆီဖိုးနဲ့ ငါကစ်ဖို့" သီဟက ဦးလှပါလာတဲ့ ပိုက်ဆံတွေကို ရေတွက်ရင်း သူ့မိန်းမနဲ့ ခွဲတန်းချလိုက်တယ်။ ပါးစပ်ကလည်း ကွမ်းတပျစ်ပျစ်ထွေးရင်း ဦးလှကို အပြစ်ပြောနေတယ်။ ဦးလှကတော့ သီဟကို ဘာမှပြန်မပြောတော့ဘဲ အိပ်ရာထဲကနေ အသာလှမ်းကြည့်နေလိုက်တယ်။

"အမလေးတော်။ ပိုက်ဆံယူရမှာတောင် အားနာတယ်။ အများကြီးဆိုတော့"

မိကြည်ကလည်း သီဟပေးလိုက်တဲ့ ပိုက်ဆံကိုကြည့်ပြီး မဲ့ကာရွဲ့ကာနဲ့ ပြောလိုက်တယ်။ ဦးလှလည်း မိကြည်ရဲ့ အမူအယာကို မမြင်သလို နေလိုက်ပြီး တခြားတစ်ဖက်ကို လှည့်နေလိုက်တယ်။ သူတို့ကို ကျောပေးထားပေမယ့် သူတို့ပြောတာတွေကိုတော့ ကြားနေရတယ်။ ဒီနေ့ ဝင်ငွေနည်းတယ်ဆိုတာ ဦးလှသိတယ်။ ဒါကြောင့်လည်း မိုးရွာတာတောင် နေရာမရွှေ့ဘဲ မိုးရွာကြီးထဲမှာ ထိုင်နေတာ။ ဒါပေမဲ့ ဘယ်သူမှ မလာကြဘူး။ လာတဲ့သူတွေကြတော့လည်း မိုးရွာနေတော့ မရပ်ကြဘူး။ ခါတိုင်းရက်တွေက မရဘူးဆိုရင် ငါးထောင်လောက်ရတယ်။ ဒီနေ့တော့ သုံးထောင်တည်း။ အိမ်ပြန်ရောက်ရင်တော့ သီဟ ဆူတာခံရဦးမယ်လို့ စိတ်ထဲမှာ တွေးနေလေရဲ့။ အိမ်ပြန်ရောက်တော့ တကယ်ပါပဲ။ ဒီကြားထဲ မိကြည်ကပါ ပြောနေတော့ နေတတ်စရာက မရှိတော့ဘူး။ အသက်ခြောက်ဆယ်ကျော်အဘိုးကြီးရဲ့ ဝင်ငွေက ဒီလောက်ရနေတာကို သူတို့တစ်တွေ ကျေးဇူးတင်ရမှာ။ အခုတော့ အဲဒီလို မဟုတ်ကြဘူး။ တွေးရင်းနဲ့ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်တို့က စီးကျလို့။ အဆင်မပြေမှုတွေ များလာတဲ့အခါ သွားလေသူကို ပိုလို့ သတိရနေမိတယ်။

(၂)

"ကိုလှရယ် ကျွန်မတို့တစ်တွေ အသက်ကြီးလာလို့ သေရမယ်ဆိုရင် ရှင့်ကိုပဲ အရင်သေစေချင်တယ်။ ကျွန်မကတော့ နောက်မှသေမယ်။ အဲဒါမှ စိတ်ချမှာတော့" ချိုင်းထောက်လေးနဲ့ စပြီး လမ်းလျှောက်တဲ့နေ့က ဒေါ်လှမြိုင်က ဦးလှကို ပြောလိုက်တာ။ ဒေါ်လှမြိုင်ရဲ့စကားကြောင့် ဦးလှ မျက်လုံးပြူးသွားတယ်။

"လှမြိုင်ရယ် နင်က ငါ့လို ဒုက္ခိတကို လုပ်မကျွေးချင်လို့ အရင်သေခိုင်းတာလား"

"အမလေးတော်..ကျွန်မက စေတနာနဲ့ ပြောတာပါတော်။ အရင်တုန်းကလို ရှင်က ကိုယ်လက်အင်္ဂါ ပြည့်စုံနေရင်တော့ မပြောပါဘူး။ အခုဟာက"

ဒေါ်လှမြိုင်က ဦးလှကို ကြည့်ပြီး ဆက်မပြောတော့ဘူး။ ရင်ထဲမှာလည်း ဝမ်းနည်းသွားတယ်။ ဝမ်းနည်းမှုကြောင့် မျက်ဝန်းအိမ်မှာလည်း မျက်ရည်တို့က ရစ်ဝဲလို့။

"ဒါဟာ ဝမ်းနည်းစရာ မဟုတ်ပါဘူး လှမြိုင်ရယ်။ ငါတို့မှာ သားရတနာလေး ရှိပါသေးတယ်ဟာ။ သားဟာ မိဘအတွက် အားဆိုတာ နင်မကြားဖူးဘူးလား"

"ကြားဖူးပါ့တော်။ ကြားဖူးပါ့။ အဲဒါတင်ကြားဖူးတာမဟုတ်ဘူး။ သားက ကျားဖြစ်တယ်ဆိုတာလည်း ကြားဖူးပါ့"

ဒေါ်လှမြိုင်က ဘောက်ဆတ်ဆတ်နဲ့ ပြောပြီး အိမ်ထဲကို ဝင်သွားလိုက်တယ်။ ဦးလှကတော့ ဒေါ်လှမြိုင် ပြောသွားတဲ့ စကားကို သဘောကျပြီး ဟားတိုက်ရယ်လိုက်တယ်။

(၃)

"ဟဲ့ သီဟ ညဉ့်ကြီးနက်မှ ဘယ်က ပြန်လာတာလဲ။ နင်နဲ့ပါလာတဲ့ သူကရော ဘယ်သူလဲ"

"အမေကလည်း တိုးတိုးပြောပါဗျ။ သား မိန်းမခိုးလာတာ"

ဘုရားရှိခိုးပြီးလို့ အိပ်ဖို့ပြင်နေတုန်း အပြင်ကအသံတွေကြောင့် အခန်းထဲကနေ နားစိုက်ထောင်နေလိုက်တယ်။ သီဟတို့ သားမိနှစ်ယောက်ရဲ့ တိုးတိုးပြောသံတွေကို ကြားရတော့ ဦးလှ လန့်သွားတယ်။

"အမလေး သီဟရယ်။ နင့် မိဘတွေကို မသနားတော့ဘူးလားဟယ်။ ငါတို့မှာ မရှိမဲ့ ရှိမဲ့နဲ့ နင့်ကို ကျောင်းထားရတာ။ အခုတော့ နင်က မိန်းမယူလာခဲ့ပြီပေ့ါ။ နင့်အဖေက နင် ဆယ်တန်းမှာ ဘော်ဒါထားနိုင်ဖို့ သစ်တက်ခုတ်ရင်းနဲ့ အခုလို ဒုက္ခိတဖြစ်သွားတာမှ အားမနာဟယ်"

"ဟာ...အမေကလည်းဗျာ။ အဖေ့ဘာသာ နွားကို ဂရုစိုက်မမောင်းလို့ ဖြစ်တာ၊ သားကိုလာပြီး အပြစ်ဖို့နေတယ်"

သီဟ စကားကြောင့် ဦးလှ ရင်တွေနာနေမိ။ စိတ်ထဲကလည်း မကောင်း။ အဲဒီနေ့က အဖြစ်အပျက်တွေကို ပြန်တွေးတိုင်း ကြက်သီးတွေထမိတယ်။ ဦးလှတို့မှာ နွားတစ်ရှဉ်းနဲ့ လယ်သုံးဧက ပိုင်တယ်။ အဲဒီလယ်သုံးဧကကို နွားတစ်ရှဉ်းနဲ့အတူ ရှန်းကန်လုပ်ကိုင်ခဲ့ရတာ။ တစ်ခါတလေ တောင်ပေါ်တက်ပြီး ဝါးခုတ်တဲ့အခါ ခုတ်၊ ထင်းခုတ်တဲ့အခါခုတ်ပြီး မိသားစု ဝမ်းရေးကို ဖြည့်တင်းခဲ့တယ်။ ဦးလှက သီဟကိုလည်း အလွန်ချစ်တယ်။ သီဟက သူတို့အတွက် ပထမနဲ့ နောက်ဆုံး သားသမီးဆိုတော့ ဖူးဖူးမှုတ်ထားရတယ်။ ဦးလှတို့ အိမ်ထောင်ကျတာ သုံးဆယ်ကျော်အရွယ်မှာကျတာ။ ပထမ ရင်သွေးတုန်းက အဖတ်မတင်ဘူး။ သီဟက သူတို့အတွက် ရှားရှားပါးပါး သားလေးဆိုတော့ ချစ်လို့မဝဖြစ်နေတာ။

ဒေါ်လှမြိုင်က အမေဆိုပေမယ့် ဦးလှလောက် သီဟအပေါ်ကို သိပ်အကဲမပိုဘူး။ သီဟ ကိုးတန်းဖြေပြီးတော့ ဦးလှက လောဘတက်လာတယ်။ သီဟကို ဆယ်တန်းမှာ ဘော်ဒါဆောင်ထားမယ်။ အဲဒီအတွက် ကျောင်းတွေမဖွင့်ခင်ကတည်းက ပိုက်ဆံရှာထားမယ်ဆိုပြီး စဉ်းစားလိုက်တယ်။ တောင်သူအလုပ်ကလည်း စားဖို့လောက်ပဲရတာ။ ထင်းခုတ်၊ ဝါးခုတ်ကလည်း လောက်ငရုံလောက်ပဲ။ အဲဒီတော့ အိမ်နားနီးချင်းက ကိုသောင်းခင်တို့နဲ့ သစ်ဆွဲလိုက်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ ဒေါ်လှမြိုင်ကို ပြောပြတော့ ဒေါ်လှမြိုင်က ကန့်ကွက်သေးတယ်။ ဒါပေမယ့် ဦးလှက ဘယ်လိုမှ ပြောမရဘူး။ နောက်ဆုံးတော့ ဒေါ်လှမြိုင်ကပဲ လက်လျှော့လိုက်ရတာ။ ဦးလှတို့ တောင်ပေါ်သွားတာ တစ်လလောက်ကြာတော့ ဒေါ်လှမြိုင်ဆီကို သတင်းဆိုးရောက်လာပါရော။ ဦးလှတစ်ယောက် သစ်ဆွဲရင်းနဲ့ တုံးညပ်လို့ ခြေကျိုးသွားတယ်ဆိုတာ ရောက်လာတယ်။ ကျိုးသွားတဲ့ခြေထောက်က တောင်ပေါ်မှာ နှစ်ရက်လောက်ကြာသွားတယ်။ ဆေးရုံရောက်တော့ ခြေထောက်က ဒူးအောက်ကနေ ဖြတ်လိုက်ရတယ်။ အခုတော့ သူ့ရဲ့ ပေးဆပ်မှုက သူ့ပေါ့ဆလို့ဖြစ်တာဆိုပြီး သီဟက ပြောတော့ ရင်ထဲမှာ ဝမ်းနည်းမိ။ တိုနေတဲ့ ခြေထောက်တစ်ဖက်ကို ကိုင်ကြည့်ရင်း ဦးလှရဲ့ မျက်ဝန်းအိမ်မှာတော့ မျက်ရည်တို့က ရစ်သန်းလာခဲ့တယ်။

"ကဲ..ကိုလှရေ.. ရှင့်ရဲ့ သားရတနာကြီးက မိန်းမခိုးလာတာတဲ့တော်။ အပြင်ခဏထွက်ခဲ့ပါဦး"

ဒေါ်လှမြိုင်ရဲ့ ငေါ်တူးတူးအသံကို ကြားရတော့ ဦးလှလည်း မျက်ရည်တွေကို သုတ်ရင်း ချိုင်းထောက်လေးထောက်ပြီး ထွက်ခဲ့လိုက်တယ်။

(၄)

သီဟတို့ မင်္ဂလာဆောင်ပြီးတော့မှပဲ ဦးလှလည်း သက်ပြင်းချနိုင်တော့တယ်။ ဒေါ်လှမြိုင်ကတော့ လယ်ကွက်လေးတွေ ရောင်းလိုက်ရတော့ နှမြောတသသ ဖြစ်လို့။

"ငါ့မှာတော့ ယောကျ်ားခြေကျိုးသွားတုန်းကတောင် စီးပွားရေးကို ဟန်မပျက် လုပ်ကိုင်ခဲ့သေးတာ။ အခုတော့ နင် မိန်းမယူမှပဲ ငါတို့ ချွေးနဲ့စာနဲ့ ဝယ်ထားတဲ့လယ်လေးတွေလည်း ရောင်းလိုက်ရတယ်။

"အမေကလည်းဗျာ လုပ်ပြီးမှတော့ အပြစ်တင်မနေနဲ့တော့။ အမေတို့ကုန်တာကို ကျုပ်ပြန်ဝယ်ပေးမယ်"

"ဟုတ်ပါတယ် အမေရယ်၊ သမီးတို့ အလုပ်ကြိုးစားပြီး ပြန်ဝယ်ပေးပါ့မယ်"

ဒေါ်လှမြိုင်တို့ စကားဝိုင်းထဲကို ချွေးမဖြစ်တဲ့ မိကြည်ကပါ ဝင်ပြောလိုက်တော့ ဦးလှလည်း မိကြည်ကို အားနာသွားတယ်။

"ကဲ... လှမြိုင်ရယ် ကလေးတွေ စိတ်မကောင်းဖြစ်အောင် မပြောပါတော့နဲ့ဟာ။ သူတို့လည်း မှားခဲ့တာတွေကို ပြန်တွေးပြီး ကြိုးစားပေးမယ် ပြောနေတာပဲဟာ"

ဒေါ်လှမြိုင်က ဦးလှစကားကြောင့် ဦးလှကို မျက်စောင်းထိုးပြီး အိမ်ပေါ်ကို တက်သွားတယ်။

"အဖေကတော့ သားနဲ့ သမီးတို့ မြင်တဲ့အတိုင်းပဲ ဘာမှမလုပ်နိုင်ဘူးနော်"

"စိတ်ချပါ အဖေရယ် ဒီနေ့ကစပြီး အဖေနဲ့အမေ့ကို သားတို့ လုပ်ကျွေးပါ့မယ်" သီဟတို့ နှစ်ယောက်ရဲ့စကားကြောင့် ဦးလှ မျက်နှာမှာ ပီတိအပြုံးတို့က ဝေလို့။ အဲဒီအချိန် ဒေါ်လှမြိုင်ကတော့ မဲ့ရွဲ့ပြီး "စောင့်ကြည့်တာပေ့ါ" ဆိုပြီး တိုးတိုးလေးပြောလိုက်တယ်။

(၅)

"အဖေ မထသေးဘူးလား။ မိုးလင်းနေပြီ"မနက်စောစော ဆိုင်ကယ်လီဘာကို ပုတ်ရင်း သီဟက ပြောလိုက်တာ။ မနေ့က တစ်နေကုန် မိုးမိထားတော့ လူကဖျားချင်သလို။ ညကလည်း အိပ်လို့မရ။ ခေါင်းတွေကကိုက် ကိုယ်လက်တွေကနာ၊ ခန္ဓာကိုယ်က ချမ်းနေတာ။ အဲဒီလိုဖြစ်နေတော့ ဦးလှလည်း အိပ်ရာထဲကနေ သီဟကို လှမ်းကြည့်ပြီး ပြောလိုက်တယ်။

"သားရယ် အဖေ ဒီနေ့ နေမကောင်းဖြစ်ချင်နေတာ။ ဒီနေ့ နားပါရစေကွယ်"

"ဝင်ငွေတွေက ကောင်းတော့ နားရက်တောင်းနေပြီပေ့ါ" မိကြည်က ငေါ်တူးတူးနဲ့ ဦးလှကို လှမ်းပြောလိုက်တယ်။

"အဲဒီလိုမပြောပါနဲ့ သမီးရယ်။ အဖေ တကယ်နေမကောင်းလို့ပါ"

မိကြည်က မဲ့ရွဲ့ပြီး လက်ထဲက ထမင်းအိုးကို လွှတ်ချလိုက်တယ်။

"အဲဒါဆိုလည်း ပြီးရော။ ဒီနေ့တော့ နားလိုက်တော့။ ဖိုးထော် မင်းအဘကို ငန်းနီကျော်ဝယ်ပြီးတိုက်လိုက်"

သီဟက သူ့သားအကြီးကောင်ကို မှာပြီး ဆိုင်ကယ် မောင်းထွက်သွားတယ်။

(၆)

"ကိုသီဟ တော့်အဖေကို လူအိုရုံကို ပို့လိုက်ပါလား"

နေမကောင်းတာ နှစ်ရက်ရှိသွားပေမယ့် သိပ်ပြီးမသက်သာ။ ရောဂါဒဏ်ကြောင့် အိမ်လို့ကမရ။ ညကလည်း တစ်ညလုံးဖျားတော့ ကောင်းကောင်းအိပ်မပျော်။ တစ်ယောက်တည်း လူးလိမ့်ပြီး ခံစားနေရတာ။ ဘယ်သူမှလည်း လာမကြည့်ကြဘူး။ တစ်ယောက်တည်း ဘုရားစာရွတ်ရင်း မိုးအလင်းကို မျှော်နေတာ။ အဖျားကလည်း မိုးလင်းတော့ သက်သာသွားပြီ။ အဖျားသက်သာသွားလို့မှ အိပ်မလို့ရှိသေး စောစောစီးစီး မိကြည်ရဲ့ စကားကြောင့် ဦးလှ လန့်သွားတယ်။ စိတ်ထဲကလည်း ပြောရက်လိုက်တာလို့ ဝမ်းနည်းစွာနဲ့ ပြောလိုက်မိတယ်။ အဲဒီအချိန် သီဟ ဘာပြောမလဲလို့ ရင်ခုန်စွာနဲ့ နားထောင်နေလိုက်တယ်။

"လူအိုရုံတော့ မပို့ချင်ပါဘူးဟာ"

သီဟစကားကြောင့် ဦးလှ ဝမ်းသာသွားတယ်။ ရင်ဘတ်ထဲက အလုံးကြီးလည်းကျသွားတယ်။ အားကိုးရကျိုးလည်း နပ်ပြီလို့ တွေးရင်းပီတိတို့ ဖြစ်ပေါ်မိ။

"အိမ်မှာဆိုတော့ တစ်နေ့နှစ်ထောင်ဆိုလည်း နှစ်ထောင်ပဲဟာ။ အသုံးဝင်ပါသေးတယ်ဟာ"

သီဟရဲ့ နောက်ထပ် ထွက်ပေါ်လာတဲ့ စကားကြောင့် စိတ်ထဲကတော့မကောင်း။ ဒါပေမဲ့ သားတွေ မြေးတွေနဲ့ ခွဲနေရမှာနဲ့စာရင်တော့ တော်သေးတယ်လို့ တွေးလိုက်မိတယ်။ သွားလေသူမရှိတဲ့ နောက်ပိုင်း မိကြည်ရဲ့ အချိုးတွေက ပြောင်းသွားတယ်။ ဦးလှကို မကြည်တော့ဘူး။ မိကြည်တင်မဟုတ် သီဟကပါ မကြည်တာ။ သွေးက အလေးမထားမှတော့ တခြားသူက ဘယ်ထားတော့မလဲ။ တဖြည်းဖြည်းနဲ့ သီဟကလည်း အရက်သမားလုံးလုံးဖြစ်နေပြီ။ အလုပ်ကမလုပ် ဝင်ငွေကမရှိ လင်မယားနှစ်ယောက်က နေ့တိုင်းစကားများ။ သူတို့ရန်ဖြစ်တဲ့အခါ ဦးလှကိုပါ ထည့်ပြောတော့တာ။ နောက်တော့ သီဟက အရက်မူးပြီး ဦးလှကို အလုပ်လုပ်ခိုင်းတော့တာ။ အဲဒီတုန်းကဆိုရင် ဦးလှခမျာ ဝမ်းနည်းလွန်းလို့ မျက်ရည်တွေကျခဲ့ရတယ်။ မလုပ်ချင်ဘူး အတန်တန်ပြောလည်း မရခဲ့ဘူး။ သီဟက ဦးလှကို ခေါ်ပြီး ကားလမ်းဘေးမှာ တောင်းခိုင်းတယ်။ မလုပ်လို့ကတော့ အိမ်ရောက်ရင် ကလေးတစ်ယောက် ပြောသလိုကိုပြောတာ။ နောက်တော့လည်း ဦးလှဟာ တောင်းစားတဲ့အလုပ်ကို မလုပ်ချင်ဘဲ လုပ်ခဲ့ရတယ်။ ရတဲ့ပိုက်ဆံကိုလည်း အိမ်ရောက်ရင် သီဟကို အပ်ရတယ်။ များများရတဲ့အခါမှာ ဘာမှမပြောပေမယ့် နည်းတဲ့ရက်တွေဆိုရင် အဆူခံရပြီ။ ဦးလှအတွက်တော့ ဒီအလုပ်လုပ်ရတာကို ဘယ်တော့မှ ဂုဏ်မယူခဲ့ပေမယ့် ဒီနေ့အတွက်တော့ ဂုဏ်ယူနေမိ။ ဦးလှ ဒီအလုပ်လုပ်နိုင်နေလို့လည်း သီဟက လူအိုရုံမပို့တာ။ ဦးလှအနေနဲ့ လူအိုရုံကို မသွားချင်၊ ဘာဖြစ်လို့လဲဆိုတော့ သီဟနဲ့ မြေးလေးတွေကို မခွဲနိုင်ဘူးဖြစ်နေတာ။

(၇)

မိကြည်စကားကို ကြားပြီးတဲ့နောက် နေမကောင်းပေမယ့် အလုပ်ကို ထွက်ခဲ့လိုက်တယ်။ ဦးလှ အလုပ်သွားမယ် ပြောတုန်းကသီဟကသက်သာလို့လားလို့ မေးတယ်။ သီဟကို ခေါင်းပဲညိတ်ပြလိုက်တယ်။ မိကြည်ကတော့ မဲ့ကာရွဲ့ကာနဲ့ ဦးလှကို ကြည့်နေတာ။

ဒီနေ့ကျမှ မိုးက တော်တော်ရွာနေတာ။ ဘယ်အပြိုးကြောင့် ရွာနေပါလိမ့်လို့ စိတ်ထဲကနေ ညည်းလိုက်မိတယ်။ ညကဖျားထားတာရော အိပ်ရေးပျက်တာရော ဆိုတော့ လူကမလှုပ်ချင်။ အိမ်ပြန်ရအောင်လည်း ချိုင်းထောက်နဲ့ သွားရမှာဆိုတော့ အဆင်မပြေ။ သီဟကို လှမ်းခေါ်ရင်လည်း မိုးက တအားရွာနေတော့ မခေါ်ချင်။ သီဟက အမြဲတမ်းမူးနေတော့ မိုးရွာကြီးထဲ ဆိုင်ကယ်နဲ့ တစ်ခုခုဖြစ်မှာလည်း စိုးရိမ်မိ။ အိတ်ထဲက ပိုက်ဆံလေးတွေကိုကြည့်လိုက်တော့လည်း ဘယ်လောက်မှမရသေး။ အရင်ရက်ကလို အဆူမခံရအောင်လို့ မိုးရွာကြီးထဲကို ထိုင်နေလိုက်တယ်။

(၈)

"ဦးလှတစ်ယောက် ဝဋ်ကျွတ်သွားတာပေ့ါဟယ်"

မြေပုံမှိုမှိုလေးတစ်ခုရဲ့ဘေးမှာတော့ အမျိုးသမီးအုပ်စုက တီးတိုးတီးတိုးနဲ့ ပြောလိုက်တာ။ ငိုသူမရှိတဲ့ ဦးလှရဲ့ မြေချပွဲလေးက ရွာသူရွာသားတွေကြောင့် တရုန်းရုန်းနဲ့။ တချို့ကတော့ သီဟနဲ့ မိကြည်ကို ကြည့်ပြီး လုပ်ရက်လိုက်တာလို့ ပြောနေကြတာ။ ။

## ပန်းစုံပွင့်ဖူးလတန်ခူး

* ရောင်စုံပန်းများ ဖူးပွင့်နေ
နှစ်သစ်တန်ခူးနွေ။
ပိတောက်ပန်းတွေ ရွှေရောင်လွှင့်
ငုဝါမြိုင်ယံတင့်။

* ပင်ယံမြင့်မြင့် ကံ့ကော်ဝါ
မွှေးကြိုင်ရနံ့ဖြာ။
စံပယ်ဖြူလွှာ ငွေစင်အိ
လှပတင့်တယ်ဘိ။

* ပန်းစုံပေါ်သည့် တန်ခူးခါ
ပွင့်ကြပန်းတမာ။
ဖြူနီအဝါ တရုတ်စံကား
မွှေးကြိုင်ပြိုင်စံရှား။

* တောစံပယ်များ ဖွေးဖွေးဖြူ
ရင်ခတ်မွှေးကြူကြူ။
ကျွေးပန်းတစ်မူ ရနံ့ထူး
သစ်ခွပင်ယံဦး။
ဖူးပွင့်လတန်ခူး။ ။

ပန်းမာလာ

## ဖြူစင်မေတ္တာ ထားရှိပါ

လူသားအချင်းချင်း ဖေးမကာ
အားပေးကူညီပါ။
ဖြူစင်မေတ္တာ ရင်ဝယ်ထား
အေးချမ်းကြစေသား။
အခက်အခဲများ ကြုံနေသူ
ဝိုင်းဝန်းလက်တွဲကူ။
တွဲလို့ထူမယ် နိုင်သလောက်
ဘဝလမ်းပေါ်လျှောက်။
တည်ဆောက်ကြစို့ မြတ်ကုသိုလ်
လိုက်နာကြစေလို့။
ခရီးတိုတို ဘဝလမ်း
ကောင်းမှုလက်ဆင့်ကမ်း။ ။

သာကီနွယ်(ညောင်ရမ်း)

ဆောင်းပါး

# လှပသော အတွေးများမှ ရလဒ်ကောင်းများဆီသို့

## ကိုငြိမ်းငယ် (ကျွန်းဒေါင့်)

လူမှုနယ်ပယ်တွင် လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြသည့်အတွက် အောင်မြင်မှုနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ရာတွင် လူတစ်ယောက်နှင့်တစ်ယောက် တူညီကြမည်မဟုတ်ပေ။ လူတစ်ယောက် ဆရာဝန်ဖြစ်လာခြင်းသည် သူ့အတွက်အောင်မြင်မှု ဖြစ်နိုင်သလို အခြားလူတစ်ယောက် အင်ဂျင်နီယာ ဖြစ်လာခြင်းသည်လည်း ထိုအခြားလူအတွက် အောင်မြင်မှု ဖြစ်နိုင်ပေသည်။ ထို့အတူပင် လူတစ်ယောက် စာရေးဆရာ ဖြစ်လာခြင်းသည်လည်း သူ့အတွက် အောင်မြင်မှုဖြစ်နိုင်ပါသည်။ မိဘအပေါ် အလုပ်အကျွေးပြု ကျေးဇူးဆပ်နိုင်ခြင်းကို အောင်မြင်မှုဟု ခံယူထားသူများလည်း ရှိပေလိမ့်မည်။ မည်သို့ပင်ဆိုစေ အောင်မြင်မှုဟူသည် "လူတစ်ယောက်က သူ၏ရည်မှန်းချက်အတိုင်း လက်တွေ့ဘဝတွင် အကောင်အထည်ဖော် လုပ်ဆောင်သွားနိုင်ခြင်းပင်" ဖြစ်သည်။

### ဗီဇအဖြစ်ပါရှိပြီးဖြစ်

ကျွန်ုပ်တို့ လူသားများသည် ချစ်ခင်ယုယမှုကို ခံယူလိုခြင်း၊ ချမ်းသာကြွယ်ဝလိုခြင်း၊ စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် နေရလိုခြင်း၊ အောင်မြင်မှုများ ရရှိလိုခြင်း စသောလိုအင်ဆန္ဒများ ရှိကြသည်ပင် ဖြစ်သည်။ အလွန်သေးငယ်သော ညောင်စေ့တွင် ကြီးထွားရှင်သန်ပြီး ပွင့်စေ၊ သီးစေတတ်သော ဗီဇများပါရှိ၍ အကြောင်းအခွင့် တိုက်ဆိုင်သောအခါ ရှင်သန်ကြီးထွားလာကြသည်။ လူသားများသည်လည်း အောင်မြင်ရလိုမှုနှင့်ပတ်သက်၍ လိုအင်ဆန္ဒများသည် သန္ဓေတည်ကတည်းက ဗီဇအဖြစ်ပါရှိပြီးဖြစ်လေသည်။ အကြောင်းအခွင့် တိုက်ဆိုင်၍ လူမှုအဖွဲ့အစည်းများနှင့်တွေ့သောအခါ ထိုလိုအင်ဆန္ဒများမှာ ရှင်သန်ကြီးထွားလာကြသည်။ ဥပမာအားဖြင့် မိသားစုတစ်စုတွင် သုံးနှစ်အရွယ်ကလေးငယ်သည်ပင် သူ့အပေါ်၌ ချစ်ခင်ယုယပေးခြင်းကို ခံယူလိုမှု၊ ကောင်းမွန်စွာ နေထိုင်စားသောက်ရလိုမှု၊ ချစ်ခင်ရသူများနှင့် အတူတူနေရလိုမှု စသောလိုအင်ဆန္ဒများမှာ သိသာထင်ရှားစွာ ဖြစ်ပေါ်လာပေသည်။

ကျောင်းတက်ရမည့် အရွယ်ရောက်လာ၍ စာသင်ကျောင်းသို့ရောက်လာသောအခါ သူငယ်ချင်းများ၊ အဖွဲ့အစည်းများနှင့် ထိတွေ့ရ၍ လူမှုဆက်ဆံရေးနယ်ပယ် ပိုမိုကျယ်ပြန့်လာပေသည်။ ထိုအခါ ထိုအဖွဲ့အစည်းများထဲတွင် သူ့အပေါ်၌ အသိအမှတ်ပြုမှုကို ခံယူရရှိလိုခြင်း၊ အောင်မြင်ကျော်ကြားလိုခြင်း စသောလိုအင်ဆန္ဒများ ရှင်သန်ပေါ်ပေါက်လာပေသည်။ ၎င်းလိုအင်ဆန္ဒများကို ရရှိလာစေရန်လည်း ကလေးသဘာဝအလျောက် ကြိုးစားကြပေသည်။ ထိုအကြောင်းအရာကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ လူသားများသည် ကိုယ်ပိုင်ခံယူချက်များဖြင့် အောင်မြင်မှုများကို ရရှိလိုကြောင်း သိသာထင်ရှားပေသည်။

> "ရလဒ်ကောင်းများရရှိရန် မိမိ၏ အလုပ်အပေါ်တွင် ကောင်းမွန်အောင် ကြိုးစားလုပ်ဆောင်ကြရပါမည်။ အလုပ်များ ကောင်းမွန်လာစေရန်လည်း အလုပ်အပေါ်တွင် ထားရှိသော မိမိ၏ ခံစားချက်နှင့် ခံယူချက်များ ကောင်းမွန်စေရပါမည်။ ခံစားချက်နှင့် ခံယူချက်များ ကောင်းမွန်စေရန်မှာလည်း မိမိ၏ အတွေးအခေါ်များကို လှပပြီး မှန်ကန်စေရန် အဆင့်မြှင့်တင်ကြရပါမည်"

လူသားတိုင်းသည် ဘဝတွင် "ရပ်တည်နိုင်ရေးအတွက် လှုပ်ရှားကြိုးစား" နေကြရပေသည်။ အခြေခံစားဝတ်နေရေးမှသည် ကြီးမားသောရည်မှန်းချက်နှင့် အောင်မြင်မှုများအထိ မျှော်မှန်းကြိုးစားကြရပေသည်။ အောင်မြင်မှုရရှိရန်မှာလည်း မိမိတို့၏ သက်ဆိုင်ရာနယ်ပယ်အလိုက် ကြိုးစားဆောင်ရွက်ခြင်းရှိမှသာဖြစ်ပေမည်။ အောင်မြင်မှုဟူသည် စောင့်ဆိုင်းရမည့်အရာမဟုတ်၊ ဆောင်ရွက်ရမည့်အရာသာဖြစ်သည်ဟူသော စကားလည်းရှိပေသည်။ ထို့ကြောင့် လူသားတိုင်း ရလဒ်ကောင်းများရရှိပြီး အောင်မြင်ရစေဖို့ အဓိကအချက် သုံးချက်ကို မျှဝေရေးသားလိုက်ပါသည်။

### မိမိ၏အတွေးများကို အဆင့်မြှင့်

ပထမအချက်အနေဖြင့် မိမိ၏အတွေးများကို ဂရုစိုက်ပြီး လှပအောင် အဆင့်မြှင့်နေရပါမည်။ ရလဒ်ကောင်းများရရှိဖို့အတွက် မိမိ၏အလုပ်များကို ကောင်းမွန်ပြည့်စုံစွာ ပြီးမြောက်ဖို့ လိုအပ်ပေသည်။ မိမိ၏အလုပ်များကို ပိုမိုကောင်းမွန်လာစေဖို့ တွေးတောကြံဆပြီး အဆင့်မြှင့်တင်ပေးနေရပါမည်။ လက်ဆွဲအိတ်တစ်လုံးကို သယ်ယူမည်ဆိုလျှင် အားအင်ကိုထုတ်မှ အားအင်ထွက်လာပြီး အလုပ်ပြီးမြောက်ပေမည်။ ထို့အတူပင် အတွေးအကြံကောင်းဟူသည် ထုတ်ပေးမှသာလျှင် ထွက်ရှိလာပါမည်။ မိမိ၏ အလုပ်ကိုပိုမိုကောင်းမွန်အောင် တွေးရပါမည်။ ကြံဆရပါမည်။ သို့သော် ကောက်ကျစ်မှုမပါစေရန်လည်း လိုအပ်ပေသည်။ မိမိလုပ်နေကျ အလုပ်တွေပါဆိုပြီး အလုပ်အပေါ် ပိုမိုကောင်းမွန်အောင် တွေးတောကြံဆခြင်းမရှိပါက ရလဒ်ကောင်းများနှင့် ဝေးနေမည်ပင် ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် မိမိ၏ခံစားချက်နှင့် ခံယူချက်များကို ဂရုစိုက်ပြီး အဆင့်မြှင့်နေရပါမည်။ နံနက်ခင်း အိပ်ရာက မထရသေးခင် မိမိ၏အတွေးထဲတွင် အလုပ်သွားရမည်ကို ပျင်းနေပါက ရလဒ်ကောင်းများနှင့် ဝေးနေမည်ပင်ဖြစ်သည်။ ရလဒ်ကောင်းများသည် အလုပ်ကြိုးစားခြင်းနှင့်ကင်း၍ မဖြစ်နိုင်ပေ။ မိမိ၏ခံစားချက်များဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိစေရန် အားထုတ်ရပေမည်။ လုပ်ငန်းခွင်မဝင်မီ မေတ္တာဘာဝနာပွားများခြင်း၊ ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းတို့ဖြင့် ကိုယ်ရောစိတ်ပါ ကြည်လင်စေ၍ ယုံကြည်မှုနှင့် ခွန်အားများရရှိစေပါသည်။ ထိုသို့ မိမိကိုယ်မိမိ ယုံကြည်မှုဖြင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ခြင်းသည် အလုပ်အပေါ်တွင် ရလဒ်ကောင်းများဆီသို့ ဦးတည်စေပါသည်။

### ခံယူချက်များကို အဆင့်မြှင့်တင်

တတိယအချက်အနေဖြင့် မိမိ၏အတွေးနှင့် ခံစားချက်များကို ကောင်းမွန်အောင်အဆင့်မြှင့်တင်ပြီး လုပ်ဆောင်မှု(အပြုအမူ)ဖြင့် ကြိုးစားရပေမည်။ အတွေးများ၊ ခံစားချက်နှင့် ခံယူချက်များ မည်မျှပင် ကောင်းသည်ရှိစေ လက်တွေ့လုပ်ဆောင်မှုမရှိလျှင် ရလဒ်ကောင်းများ မရရှိနိုင်ပေ။ ရလဒ်ကောင်းနှင့် အောင်မြင်မှုဟူသည် စောင့်ဆိုင်းနေရုံဖြင့် မရရှိနိုင်ပေ။ ဆောင်ရွက်မှသာလျှင် ရရှိနိုင်ပါမည်။ ဥပမာအားဖြင့် ကားတစ်စီးသည် အင်ဂျင်စွမ်းရည် မည်မျှပင်ကောင်းသည်ဖြစ်စေ ကားစက်နှိုးပြီး မရွေ့လျားပါက ရလဒ်အဖြစ် အလုပ်မပြီးမြောက်နိုင်တော့ပေ။ စွမ်းရည်ရှိနေသော်လည်း လက်တွေ့ဘဝတွင် အမှန်တကယ်အလုပ်မလုပ်ပါက ရလဒ်အဖြစ် ထွက်ပေါ်လာနိုင်ခြင်းမရှိပေ။ ထို့ကြောင့် ကျွန်ုပ်တို့ အမှန်တကယ်ပြောင်းလဲလိုလျှင် ကျွန်ုပ်တို့၏အတွေးများ၊ ခံစားချက်နှင့် ခံယူချက်များကို အဆင့်မြှင့်တင်ကြရပေမည်။ နံနက်ခင်း အိပ်ရာမှနိုးလာသည်နှင့် ဇိမ်ခံချင်နေ၍ မဖြစ်ပေ။ သက်ဆိုင်ရာ အလုပ်ခွင်သို့ သွားရောက်ရမည်ကို ပျင်းနေ၍ မဖြစ်ပေ။ အနာဂတ်အတွက် ပြောင်းလဲလိုလျှင် ဦးစွာအိပ်ရာသိမ်းပြီး လက်တွေ့ကြိုးစား လုပ်ဆောင်ကြရပေမည်။

အချုပ်အားဖြင့်ဆိုရလျှင် ရလဒ်ကောင်းများရရှိရန် မိမိ၏အလုပ်အပေါ်တွင် ကောင်းမွန်အောင် ကြိုးစားလုပ်ဆောင်ကြရပါမည်။ အလုပ်များ ကောင်းမွန်လာစေရန်လည်း အလုပ်အပေါ်တွင် ထားရှိသော မိမိ၏ခံစားချက်နှင့် ခံယူချက်များ ကောင်းမွန်စေရပါမည်။ ခံစားချက်နှင့် ခံယူချက်များ ကောင်းမွန်စေရန်မှာလည်း မိမိ၏ အတွေးအခေါ်များကို လှပပြီး မှန်ကန်စေရန် အဆင့်မြှင့်တင်ကြရပါမည်။ ထို့ကြောင့် စာချစ်သူများအပေါ် အကြံပြုလိုသည်မှာ "မိမိတို့၏အတွေးများကို ဂရုစိုက်ပြီး မြင့်အောင်ကြည့်ပါ"ဟူ၍ဖြစ်သည်။ မိမိတို့၏ အတွေးများကို လှပအောင် ပြောင်းလဲနိုင်ပြီး ခံစားချက်များပြောင်းကာ လုပ်ဆောင်မှုများပြောင်းလဲ၍ ရလဒ်ကောင်းများဆီသို့ ရောက်ရှိနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်းရေးသားလိုက်ပါသည်။ ။

## ရိုးသားခြင်း၏ရလဒ်

ဖြူစင်ရိုးသား နေသူအား
ချစ်ကြလူအများ၊
စကားချိုသာ နှုတ်ခွန်းခြွေ
အပြုံးပန်းတို့ဝေ။
မင်္ဂလာတွေ နေ့စဉ်ပျိုး
စိတ်မှာသဒ္ဓါတိုး၊
စေတနာမိုး သွန်းဖြိုးနေ
မိတ်ပေါင်းသဟာဆွေ။
အကြင်နာတွေ ပိုနေကြ
ရင်းနှီးကျွမ်းဝင်ရ၊
စိတ်ကောင်းစိတ်လှ ရှိဖို့သာ
ကြိုးစားကြဖို့မှာ။
ရိုးသားခြင်းဟာ လူတို့အတွက်
အဓိကသော့ချက်၊
နှစ်သက်ကြလို့ စကားဆို
မျက်နှာပြုံးရွှင်ချို။
ကြိုဆိုရင်းသာ လက်ကမ်းလို့
ကူညီကြတယ်ဗျို့၊
ရိုးသားသူတို့ စံနမူ
လေးစားအတုယူ။
စိတ်ကိုဖြူအောင် အမြဲမွေး
ဂုဏ်ပြုကြစို့လေး။ ။

သီရိဟန်နိုင် (ပုလဲ)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၉၁,၀၇၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၇၃၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၆၀၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

သို့ဖြစ်ပါ၍ (၃-၄-၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၁) ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇-၄-၂၀၂၂) ရက်နေ့မှစတင်၍ ယနေ့အထိ (၁၇) ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါ ရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

### (၂၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၈၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၀) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၄) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၅၄) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၁၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၉၂၄) ခု | (၉) ဦး |
| **စုစုပေါင်း** | **(၈,၇၀၆) ခု** | **(၁၉) ဦး** |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၆၂၈၀၈၉ | ၈၀၄၀၂၄၀၁ | ၁၀၁၈၁၅၄ |
| ၂။ | အိန္ဒိယ | ၄၃၀၅၄၉၅၂ | ၄၂၅၁၇၇၂၄ | ၅၂၂၁၄၉ |
| ၃။ | ဘရာဇီး | ၃၀၃၃၃၈၆၉၇ | ၂၉၃၅၃၃၃၉၈ | ၆၆၂၆၁၈ |
| ၄။ | ပြင်သစ် | ၂၈၁၆၄၄၀၆ | ၂၅၇၅၀၆၄၁ | ၁၄၄၉၄၅ |
| ၅။ | ဂျာမနီ | ၂၄၀၁၉၇၆၈ | ၂၁၁၇၉၄၀၀ | ၁၃၄၄၇၁ |
| ၆။ | ဗြိတိန် | ၂၁၉၃၃၂၀၆ | ၂၀၇၁၄၀၇၂ | ၁၇၃၃၅၂ |
| ၇။ | ရုရှား | ၁၈၁၂၈၆၉၁ | ၁၇၄၆၄၁၂၀ | ၃၇၄၇၃၄ |
| ၈။ | တောင်ကိုရီးယား | ၁၆၈၃၀၄၆၉ | စိစစ်ဆဲ | ၂၂၀၂၄ |
| ၉။ | အီတလီ | ၁၆၀၀၈၁၈၁ | ၁၄၆၂၂၅၉၃ | ၁၆၂၄၆၆ |
| ၁၀။ | တူရကီ | ၁၅၀၁၃၆၁၆ | ၁၄၈၃၆၉၅၁ | ၉၈၆၆၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၅၅၄၆၈၉ | ၉၀၈၁၄၉၄ | ၄၃၀၀၄ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၃၇၆၈ | ၅၈၆၈၂၅၁ | ၁၅၆၀၆၇ |
| ၃။ | မလေးရှား | ၄၄၂၁၄၄၃ | ၄၃၀၀၅၅၈ | ၃၅၄၈၂ |
| ၄။ | ထိုင်း | ၄၁၄၈၀၉၀ | ၃၉၃၂၀၉၉ | ၂၇၆၅၂ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၄၃၀၀ | ၃၆၀၉၄၂၅ | ၆၀၁၇၉ |
| ၆။ | စင်ကာပူ | ၁၁၇၇၄၁၅ | ၁၁၀၉၃၈၇ | ၁၃၂၄ |
| ၇။ | မြန်မာ | ၆၁၂၇၃၃ | ၅၉၁၆၀၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၄၈၉၃ | ၂၀၁၀၅၇ | ၇၃၂ |
| ၉။ | ဘရူနိုင်း | ၁၄၁၀၁၄ | ၁၃၉၇၂၄ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၀၀ | ၁၃၂၈၉၆ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁ ရက်မှ ၂၃ ရက်အတွင်း နှာခေါင်းစည်း ၁၆၁ တန် တင်သွင်းခဲ့သည်။ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၄ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၂၃

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့်နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၁၃ မျိုး စုစုပေါင်း ၂၂၂၄၄ ဒသမ ၀၀ ကီလိုဂရမ်၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Digital Blood Pressure Monitor ၆၅၀၊ Glucose Injection ၁၀၈၀၀၊ Paracetamol Tablet ၃၉၈၀၀၀၊ Scalp Vein Set ၆၅၂၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်နှင့် ထွက်ခွာအဆောက်အအုံ တိုးချဲ့တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မေ ၂၁ ရက် ညနေပိုင်းက မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ပြည်ပဆိုက်ရောက်နှင့်ထွက်ခွာခရီးသည်အဆောက်အအုံ အမှတ်(၂) တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား အဆောက်အအုံ တာဝန်ယူတည်ဆောက်နေသည့် Yangon Aerodrome Co.,Ltd. က ပရောဂျက်ဒါရိုက်တာ ဦးနေလင်းနှင့် တာဝန်ရှိသူများက ယခင်အဆောက်အအုံအဟောင်းနှင့် မြေအောက်တွင်ခရီးသည်များ၏ ကားများရပ်နားရန်နေရာအပါ တိုးချဲ့တည်ဆောက်မည့်အဆောက်အအုံနမူနာပုံစံဒီဇိုင်းများနှင့်တကွ ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လေယာဉ်ဖြင့် ရောက်ရှိလာမည့် နိုင်ငံတကာမှခရီးသွား ဧည့်သည်များ၊ ပြည်တွင်းမှ နိုင်ငံတကာသို့ထွက်ခွာမည့်ခရီးသည်များ ခေတ္တနားခိုရာတွင် လုံခြုံစိတ်ချ၍ စိတ်ချမ်းမြေ့စွာ အနားယူနိုင်ရေးအတွက် တည်ဆောက်သွားရန်လိုကြောင်း ပြောကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## ပညာရေးဘွဲ့စာပေးစာယူပထမနှစ်သင်တန်း သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနား မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**မော်လမြိုင် မေ ၂၃**

မော်လမြိုင် ပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း (၁/၂၀၂၂)သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပညာဦလာခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက အခြေခံပညာကျောင်းများမှာသင်ကြားပို့ချမည့် ဆရာ၊ဆရာမများ၏သင်ကြားမှု အရည်အသွေးတိုးတက်လာစေရန်၊ ကျောင်းသားဦးရေတိုးတက်လာသည်နှင့်အမျှ အရည်အသွေးရှိသော ဆရာ ဆရာမများ တိုးပွားလာစေရန်၊ အခြေခံပညာသင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ တိုးပွားလာစေရန်၊ မိမိ၏နိုင်ငံအကျိုး၊ ဒေသအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင်ထူးချွန်သည့် ဆရာ၊ ဆရာမကောင်းများ ဖြစ်ကြပါစေကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မော်လမြိုင်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင့်သီဂီကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပညာရေးဘွဲ့ စာပေး စာယူ ပထမနှစ်သင်တန်းသို့ တက်ရောက်ကြသည့် ဆရာ၊ ဆရာမ ၅၈၄ ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒေသတွင်းသားငါးကဏ္ဍဖူလုံပိုလျှံရေး ငါးမွေးမြူရေးဇုန်ဆောင်ရွက်ရန် လျာထားမြေနေရာအား ကြည့်ရှုစစ်ဆေး

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဒေသတွင်းသားငါးကဏ္ဍဖူလုံပိုလျှံစေရေး သမ္ဘာန်ကျေးရွာအုပ်စုအတွင်း အောင်ငွေဖူးကုမ္ပဏီလီမိတက်မှ ငါးမွေးမြူရေးဇုန်ဆောင်ရွက်ရန် လျာထားသောမြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သမ္ဘာန်ကျေးရွာ စိုက်ပျိုးရေးသုတေသနမျိုးပွားခြံသို့ ရောက်ရှိပြီး ခြံတာဝန်ခံရုံးခန်း၌ ငါးမွေးမြူရေးဇုန်လုပ်ကိုင်ဆောင်ရွက်ရန် အဆိုပြုတည်နေရာနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစုံမိုင်းနှင့် အောင်ငွေဖူး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ခန့်မှန်းအဆိုပြုဧရိယာ ၂၇၇ ဒသမ ၇၂ ဧက၌ ငါးမွေးမြူရေးဇုန်လုပ်ကိုင်ဆောင်ရွက်မည့်အစီအမံများ၊ အဆိုပါမြေဧရိယာအတွင်း တောင်သူများ၏စိုက်ပျိုးလုပ်ကိုင်မှုအခြေအနေနှင့် တောင်သူများနှင့်တွေ့ဆုံညှိနှိုင်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စိုက်ပျိုးရေးသုတေသနမျိုးပွားခြံ၏ ကုန်ထုတ်လမ်းနှင့် Pipe Culvert ငါးစင်းတည်ဆောက်ခြင်းလုပ်ငန်း၊ အုတ်တံတိုင်းတည်ဆောက်ခြင်းလုပ်ငန်း၊ အတွင်းလမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသုတေသနမျိုးပွားခြံရှိ ခြွေလှေ့စက်၊ အခြောက်ခံစက်၊ မျိုးစေ့သန့်စင်စက်များကို တောင်သူများလာရောက်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ရွာသာအေးမွေးမြူရေးဇုန် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က မွေးမြူရေးဇုန် အကွက်ချထားမှုနှင့် မွေးမြူသည့်တိရစ္ဆာန်အမျိုးအစားများကို ရှင်းလင်းတင်ပြသည်။

ရွာသာအေးမွေးမြူရေးဇုန်တွင် ဥစားကြက်ကောင်ရေ ၂၃၁၀၀၊ အသားစားကြက်ကောင်ရေ ၁၅၀၀၊ ဆိတ်အကောင် ၁၄၀၊ ဝက် ၁၆၉ ကောင်၊ နွား ၃၅ ကောင်၊ တိုင်းရင်းကြက်ကောင်ရေ ၂၀၀ တို့ကို မွေးမြူထားရှိပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇုန်အတွင်းမွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ပုဗ္ဗသီရိမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ Physical Fitness Dance ပြိုင်ပွဲကျင်းပ

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ Physical Fitness Dance ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာလင်းက ကျောင်းသားကျောင်းသူများကို ကျန်းမာရေးအသိပညာနှင့် ကိုယ်လက်လှုပ်ရှားအားကစား လုပ်ဆောင်မှုသည်လည်း ပညာရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း ပြောကြားပြီး ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက Physical Fitness Dance ဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုဗ္ဗသီရိမြို့နယ်ရုံးအနေဖြင့် လူငယ်များအား ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးရေးအတွက် သင်တန်းများ၊ ပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများနှင့် ဟောပြောပွဲများ အသိပညာပေးလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)



✰ ကျောဖုံးမှ

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် သုံးမိနစ်မှာ တာဗာရက်စ်က တစ်ဂိုး၊ ၃၂ မိနစ်မှာ ပင်နယ်တီ ကနေတစ်ဆင့် ဘူကာယိုဆာကာကတစ်ဂိုးနဲ့ ဒုတိယပိုင်း မိနစ် ၇၀ မှာ ဂရန်းနစ်ဇာကာက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ ဘူကာယိုဆာကာဟာ အခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံသွင်းဂိုး ၁၃ ဂိုး အထိ ရှိလာခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၃၄ မိနစ်မှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းဟာ ပွဲကစားချိန် ၅၇ မိနစ်မှာ ပင်နယ်တီပြစ်ဒဏ်ဘော ကန်ခွင့်ရရှိခဲ့ပေမယ့် ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်က ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့တာကြောင့် ချေပဂိုးနှစ်ဂိုး ရရှိမယ့်အခွင့် အရေးနဲ့ လွဲခဲ့ရကာ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် မန်ယူအသင်းကို ခြောက်မှတ်အထိ ဖြတ်ထားနိုင်ခဲ့ပြီး ပရီမီယာလိဂ်ပွဲစဉ် ၃၃ ပွဲကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၆၀ နဲ့ အဆင့် ၄ နေရာတက်လှမ်း ခွင့်ရရှိခဲ့ကာ မန်ယူအသင်းကတော့ ၃၄ ပွဲကစားပြီးချိန်မှာ ရမှတ် စုစုပေါင်း ၅၄ မှတ်နဲ့ အဆင့် ၆ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

❖ ထိုင်းဖိတ်ခေါ်မှ

မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် မေ ၂၄ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ကစား ရမည်ဖြစ်သည်။ မေ ၂၃ ရက် ပွဲစဉ်များအပြီးတွင် ထိုင်းလက်ရွေးစင် အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ထိုင်း All Stars အသင်းက သုံးပွဲ ကစား ခြောက်မှတ်၊ အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ သြစတြေးလျကလပ် South Perth အသင်းက သုံးပွဲကစား သုံးပွဲရှုံး၊ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံးကာ အမှတ်မရ သေးပေ။

သတင်း - ကိုညီလေး

ဓာတ်ပုံ - Futsal Thailand



## ပဲခူးမြို့ ဟသ်ာကုန်းစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကား တည်ဆောက်နေမှု ၇၅ ရာခိုင်နှုန်းကျော်ပြီးစီး

ပဲခူး မေ ၂၃

ပဲခူးမြို့ သမိုင်းဝင်ဆုတောင်းပြည့် ဟသ်ာကုန်းစေတီတော် တောင်ဘက်မုခ်တွင် တည်ဆောက်နေသည့် ဓာတ်လှေကားမှာ ယခု အခါ ၇၅ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီး နေပြီဖြစ်သည်။

၈၀ ရာခိုင်နှုန်း တပ်ဆင်

ဓာတ်လှေကားတည်ဆောက်ရာတွင် Plinth Level မှ R.C.C. Column ကွန်ကရစ် တိုင်နှင့် R.C.C Walling ကွန်ကရစ်နံရံများကို Level by Level ဆောင်ရွက်ခဲ့ရာ ယခုအခါ အမြင့် ၅၁ ပေ ၆ လက်မသို့ ရောက်ရှိနေပြီး နောက်တစ်ဆင့် အမြင့် ၅၉ ပေ ၆ လက်မ တွင် ဓာတ်လှေကားအကြမ်းထည် တည် ဆောက်ခြင်းလုပ်ငန်းမှာ ရာခိုင်နှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း၊ ဓာတ်လှေကားမှ ရင်ပြင်တော်သို့ သွယ်တန်းထားသော လျှောက်လမ်းမှာ ၈၀ ရာခိုင်နှုန်းတပ်ဆင်ပြီး ဖြစ်ရာ ယင်းလျှောက်လမ်းကို ပိုမိုခိုင်ခံ့ပြီး မြန်ဆန်စေရန် H. Section များဖြင့် တည်ဆောက်ခဲ့ပြီး လျှောက်လမ်း၏ ဘယ်/ ညာတွင် စတီးလက်ရန်းများ တပ်ဆင်ကာ သံပိုက်များဖြင့် နေကာတပ်ဆင်ခြင်း၊ မျက်နှာကြက်များ တပ်ဆင်ပြီးစီးပါက ရာခိုင်နှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်းနှင့် ဓာတ်လှေကားအကြမ်းထည်တည်ဆောက်ခြင်း ပြီးစီးပါက ၎င်းကွန်ကရစ်အမိုးပေါ်တွင် မြန်မာမှုအပါအဝင် ဘုံသုံးဆင့်လုပ်ငန်း များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဓာတ်လှေကားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဒေါ်ချိုချိုလွင်က ပြောသည်။

တင်စိုး(ပဲခူး)



## ဖောင်းပြင်မြို့နယ်၌ ဆီနေကြာများ အောင်မြင်ဖြစ်ထွန်း

ဖောင်းပြင် မေ ၂၃

ဖောင်းပြင်မြို့နယ် ပိုးစာကုန်းကျေးရွာမှ ဒေသခံ တောင်သူများသည် ဆောင်းသီးနှံအဖြစ် ပဲအမျိုးမျိုး၊ ဖုံးစားပြောင်းနှင့် နေ့စဉ်ဝင်ငွေရရှိသည့် ဟင်းသီး ဟင်းရွက်များကို စိုက်ပျိုးကြပြီး သီးနှံများ ရိတ်သိမ်းပြီးနောက် ဆီစားသုံးမှုဖူလုံစေရန် သီးထပ် စနစ်ဖြင့် ဆီနေကြာများကို စိုက်ပျိုးကြရာ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။ တစ်ဧကအထွက်နှုန်း တင်း ၂၀ မှ ၂၅ တင်းအထိ ထွက်ရှိကြောင်း၊ အစိုဓာတ်အနည်းငယ်၌ အောင်မြင် ဖြစ်ထွန်းပြီး ရေသွင်းစိုက်ပျိုးနိုင်ပါက ပို၍အောင်မြင် ဖြစ်ထွန်းနိုင်ကြောင်း၊ လာမည့်နှစ်တွင် စိုက်ပျိုးနိုင် ရန် မျိုးအဖြစ်ပြန်လည်ရယူထားနိုင်ကြောင်း လက်တွေ့ စိုက်ပျိုးအောင်မြင်နေသည့် တောင်သူဦးတင်အောင် ထံမှ သိရသည်။

ကိုထွန်း(ဖောင်းပြင်)

## သိန္နီမြို့နယ်၌ လူငယ်များကျန်းမာကြံ့ခိုင်စေရေး ကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ် ရိုက်ကူးထုတ်လွှင့်

သိန္နီ မေ ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟုိဌာနခန်းမ၌ လူငယ်များ ကျန်းမာကြံ့ခိုင်စေရန် နှင့် ဘက်စုံထူးချွန်စေရန် ရည်ရွယ် ၍ ကိုယ်လက်လှုပ်ရှားအားကစား အစီအစဉ် ရိုက်ကူးထုတ်လွှင့်ခြင်း ကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

ထိုသို့ လူငယ်များကျန်းမာ ကြံ့ခိုင်စေရန်အတွက် သိန္နီမြို့ အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသူလေးများက Physical Fitness Dance ကိုယ်လက်လှုပ်ရှား အားကစား ဖြင့် ဒေသခံပြည်သူများ လိုက်ပါ ဆောင်ရွက်နိုင်ရေး သရုပ်ပြ ရိုက်ကူးခဲ့သည်။ အဆိုပါကိုယ်လက် လှုပ်ရှားအားကစားအစီအစဉ်မှ ဒေသတွင်းနေထိုင်ကြသော လူငယ် များမှ ကျန်းမာရေးတွင် စိတ်ပါ ဝင်စားပြီး နိုင်ငံတော်တွင် ကျန်းမာသန်စွမ်းသော လူငယ် များ ပေါ်ထွန်းလာစေရန်၊ လူငယ် များအနေဖြင့် မူးယစ်စေသော ဆေးဝါးများသုံးစွဲခြင်းမှ ကာကွယ် ရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရိုက်ကူးခြင်း ဖြစ်ကြောင်း၊ ကိုယ်လက်လှုပ်ရှား အားကစားအစီအစဉ်များကို သိန္နီ မြို့နယ် we love Hseni facebook Page နှင့် သိန္နီမြို့နယ် ပြည်သူ့ စာကြည့်တိုက် Page တို့တွင် လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

စောဥမ္မာ(သိန္နီ)





## ကလောမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းပြုလုပ်

ကလော မေ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ဝန်ထမ်းကျင့်ဝတ်စာအုပ်ပါအခန်း(၃)ဌာနဆိုင်ရာ အရေးယူခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပ ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်နန်းအေးခိုင်က ဝန်ထမ်းကျင့်ဝတ် စာအုပ်ပါ အခန်း(၃)ဌာနဆိုင်ရာအရေးယူခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ အကြောင်းနှင့် ဌာနဆိုင်ရာအရေးယူခြင်း၊ ရှေးဦးစုံစမ်းမှု၊ ဌာနဆိုင်ရာ စစ်ဆေးမှု တာဝန်မှုယာယီရပ်ဆိုင်းခြင်း၊ တားမြစ်ချက်များခေါင်းစဉ်ပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ဆွေးနွေးချက် များအပေါ် သိရှိလိုသည်များကို မြို့နယ်ဦးစီးအရာရှိက ပြန်လည်ဆွေးနွေး ရှင်းပြခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)

■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၇၁ ဆူ | ၅၈၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

# သင့်

# သွေးဖြင့်

# အသက်

# ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းထွန်း
ဥက္ကဋ္ဌ(Myanma Goiden Star Co.,Ltd)
ဥက္ကဋ္ဌ(Tun Commercial Bank Ltd)
ဥက္ကဋ္ဌ(Myanmar Consolidated Media Co.,Ltd)
### အသက်(၈၆)နှစ်

အမှတ်(၅၁)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ(ဒေါ်နယ်လီသန်း)၏ ခင်ပွန်း၊ ဦးအောင်မိုးကျော်-ဒေါ်မာမာထွန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းထွန်းသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဘာမွန်ဂရက်ဆေးရုံ၌ ၁၈-၄-၂၀၂၂ (တနင်္လာနေ့) နံနက် ၁:၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ကိုခင်မောင်အောင်၊ ကိုဘန်နီ၊ ကိုဝင်းအောင်၊**
**ကိုမောင်မောင်နိုင်၊ ကိုကျော်မိုးခိုင်၊ ကိုဇော်မင်း**

## (၈) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုန်ဦး၊**
**တံခွန်တိုင်၊ ခေါင်းလောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**
### ဦးဇင်မြင့် (ဘကြီးဇင်)
(၂၄-၄-၂၀၁၄)-(၂၄-၄-၂၀၂၂)

မမျှော်လင့်ဘဲခွဲခွာသွားသည်မှာ ယနေ့(၈)နှစ်ပြည့်ခဲ့ပါပြီ၊ မိသားစုအပေါ်သံယောဇဉ်ကြီးမားစွာဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့သော ကျေးဇူးတရားများကို အမြဲသတိရနေပါတယ်။

ကွယ်လွန်ချိန်မှစ၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်အလှူဒါနများပြုလုပ်ခဲ့ပြီး၊ ယနေ့(၈)နှစ်ပြည့်နေ့တွင်လည်း(၇)မိုင်၊ စော်ဘွားလေးကျောင်းတိုက်တွင် ဆွမ်း၊ သင်္ကန်းစသည့်လှူဖွယ်ပစ္စည်းများဆက်ကပ်၍ အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှသာခုခေါ်ဆိုနိုင်ပါစေ၊ အမျှ- အမျှ- အမျှ

နိဗ္ဗာန်မရမီသံသရာတစ်ကွေ့မှာ မိသားစုပြန်လည်ဆုံတွေ့ရပါစေလို့ ဆုတောင်းပါတယ်။ လွမ်းဆွတ် ကြေကွဲခြင်းများစွာဖြင့်

**ဇနီး - ဒေါ်မမကြီး**
**သားသမီး - (ဦးဇာနည်မောင်)-ဒေါ်တင်မာလှိုင်**
**မြေး - ကိုကျော်စိုးဝင်း-မခိုင်တင်ဇာလှိုင်**
**မြစ် - မောင်အောင်မြင်သူ**

## ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ၂၉-လမ်းထောင့်၊ အမှတ်(၄၉၄)၊ မြေညီ+ထပ်ခိုး မျက်နှာမူလျက် (အလယ်) ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်သူ **ဦးဝင်းသန်း[၁၂/ဗတထ(နိုင်)၀၃၂၆၃၂]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**
**B.Sc, Hon (IC), HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**Tel: 294766 HP: 09-501 7044**

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ
ကွန်ပျူတာကို အသုံးမပြုသည့်အခါ လျှပ်စစ်ခလုတ်ကို ပိတ်ပါ။
Standby Mode ဖြင့် ထားသည့်တိုင် လျှပ်စစ်စားမှု ရှိနေသည်ကို သတိပြုစေလိုပါသည်။



### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ
➢ မျက်နှာသစ်စဉ်၊ သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ဖွင့်ထားပါက၊ ရေဆုံးရှုံးရပြီး၊
ရေပြန်တင်ရန် လျှပ်စစ်သုံးဖို့ လိုအပ်လာပါမည်။
ထို့ကြောင့် သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်နွဲ့နွဲ့ဝင်း
### အသက်(၆၈)နှစ်

ဦးဦးဇွန်း(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)၏ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်းသည် ၂၁-၄-၂၀၂၂ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၁၅)ဗိုလ်လောင်းသင်တန်းဆင်း**
**သူငယ်ချင်းများနှင့်မိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
### Mark @ ကိုမြင့်သူအောင် (ခ) သားပု
### အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရွာလယ်လမ်း၊ ဇ/မြောက်ရပ်ကွက်၊ အမှတ်-(ဃ-၁၇၀(ခ)နေ ဦးအောင်လွင်-(ဒေါ်ခင်သန်းမြင့်)တို့၏သား၊ (ဦးဝင်းသူအောင်)၊ (ဦးတင်ထွန်းအောင်)-ဒေါ်မိုးမိုးစံ တို့၏ညီ၊ မအံ့သူသူစံ၏ ဦးလေး ကိုမြင့်သူအောင်(ခ) သားပုသည် ၂၂-၄-၂၀၂၂ရက် နံနက် ၁၀:၄၆ နာရီတွင် အောင်ရတနာဆေးရုံ၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန် ခန်းမ (1-B)၌ဝတ်ပြုဆုတောင်းပြီးမီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၄-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရက်လည်ဝတ်ပြုဆုတောင်းမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ဘန္ဓာပင်လမ်း၊ အမှတ်(၅)၊ ၄ လွှာ(အေ) တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ထားဦးဝေ[၉/စကတ(နိုင်)၁၀၃၉၀၃]ထံမှ ကျွန်တော် ဦးစိန်အေး ကဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို (၁၄)ရက်အတွင်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးစိန်အေး**
**[၁၂/ပဘတ(နိုင်)၀၁၉၃၅၇]**
**အမှတ်(၂၁၄)၊ ၃လွှာ(အေ)၊ ၄ဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊**
**အလုံမြို့နယ်။ ဖုန်း-၀၉-၅၁၁၇၆၂၉**

## (၂၂-၉-၂၀၂၁)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၉၉၅)နှင့် (၅၉၉၆)အားရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၁၅၂)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွန်း [၁၂/ဥကမ(နိုင်)၀၀၀၅၉၅]ကိုင်ဆောင်သူမှ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂) ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၁၅၂)နေ ဦးအောင်ငြိမ်းချမ်း[၁၂/ဥကမ(နိုင်)၂၃၁၂၆၈]နှင့် ဒေါ်စုလှိုင်မြင့်[၁၂/ဥကမ(နိုင်)၀၁၆၁၆၉]ကိုင်ဆောင်သူတို့အား ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြေးမုံမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၆၆)**
**ဖုန်း-၀၉-၄၂၀၂၂၀၉၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ စစ်ပင်မြောက်အုပ်စု၊ ကွင်းအမည်-တော်တမံရိုးအနောက်ကွင်း၊ အကွက်အမှတ်(၄၉၂/က)၊ ဦးပိုင်အမှတ်(၁၄/က)၊ ဧရိယာ(၃.၉၆)ဧကရှိ ပုံစံ(၇)လယ်မြေ၏ တရားဝင်အမည်ပေါက် ဒေါ်သင်းသင်းမာ[၁၃/တခလ(နိုင်)၀၀၀၂၁၇]နှင့် ဒေါ်နွယ်နွယ်ဝင်း[၁၂/လသန(နိုင်)၀၀၁၀၉၀]တို့ထံမှ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်မြ ဒါလီ[၇/ရတန(နိုင်)၀၀၁၈၁၄]မှ ၎င်းအမည်ဖြင့် ဆန်စက်၊ စပါးသိုလှောင်ရုံနှင့် လယ်ယာသုံးပစ္စည်းများဖြန့်ဖြူးရေး လုပ်ငန်းသုံး နေရာအဖြစ် အခြားနည်းအသုံးပြုခွင့်ရရှိထားသော မြေ(၂)ဧကနှင့်အတူ ပုံစံ(၇)လယ်မြေဧက (၁.၉၆)ဧက၊ စုစုပေါင်းဧရိယာ(၃.၉၆) ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ လယ်မြေများနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ခိုင်လုံသည့်အထောက်အထား၊ ပိုင်ဆိုင်မှုမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက လယ်မြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ငွေဆက်လက်ပေးချေသွားပြီး ပိုင်ရေးဆိုင်ခွင့်ကိစ္စများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမူ LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၂၃) (၁၀-၅-၂၀၁၂)**
**တိုက်-၉/၁၁၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၁၃၉၉၁**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဆီတောင်သာသနာ့ရိပ်သာ၊ ဦးစီးပဓာန၊ မဟာနာယကဆရာတော်**
### ဘဒ္ဒန္တကုဏ္ဍလမဟာထေရ်
### သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၉၀)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ရှပ်ပုံစံပြကျေးရွာ၊ ဆီတောင်သာသနာ့ရိပ်သာ ဦးစီးပဓာန မဟာနာယက ဆရာတော် သာသနဓဇဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပုလောမြို့နယ်သြဝါဒါစရိယ၊ မဟာစည်သာသနာ့ရိပ်သာသြဝါဒခံ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလမဟာထေရ်မြတ်ကြီးသည် (၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်) ၂၀-၄-၂၀၂၂(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၅ နာရီတွင် တစ်ဘဝ၊ တစ်ခန္ဓာချုပ်ငြိမ်း၍ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်း ကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်) ၂၈-၄-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဂူသွင်းပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဒါယကာ၊ ဒါယိကာမများ

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဒုတိယဗိုလ်မှူးကြီး တွဲလ်ဒိုးဒါးလ်(ငြိမ်း) (Hat Langh Beh)
**ကြည်း-၇၁၂၅၊ စည်သူ(၁၄)**
**လက်ထောက်စစ်ရေးချုပ်(ငြိမ်း)၊ စစ်ရေးချုပ်ရုံး**
**ဥက္ကဋ္ဌ(ငြိမ်း)၊ ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မုံရွာခရိုင်**
### အသက်(၈၈)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဆိုင်းဇံကျေးရွာနေ (Pu Son Lang-Pi Ning Za Hau)တို့၏သား၊ (Pu Thawng Za Khup-Pi Tel Za Kai)တို့၏သားသမက်၊ (Pu Zen Za Kham-Pi Kai Za Vung)၊ (Nu Niang Do Cing-Capt;Luai Za Cin)တို့၏ညီ/အစ်ကို၊ ဒေါ်ဟောက်ဒိုးညောင်(လဝက၊ ပုသိမ်ခရိုင်ဦးစီးမှူးရုံး)၊ ဒေါ်ကိုင်ငိုက်ဒွန်း-ဦးသန်းဆွေမြင့်၊ ဦးလန်ခန်စွမ်း(မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်ကျိုန်ငိုက်လွန်(မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်လှမြင့်ဆွေ(ခ)ဒါးလ်ရှန်းခိုင်၊ မောင်သန်းမြင့်ဆွေ(ခ)စွမ်ရှန်စံ၊ မချောအိသန့်(ခ)ဝုန်ရှန်းမန် တို့၏ ချစ်လှစွာသောအဘိုး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၂၉/၁၇၆)နေ (ဒေါ်လျန်ခန့်ဝုန်)၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး တွဲလ်ဒိုးဒါးလ်(ငြိမ်း)သည် ၂၂-၄-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၄-၂၀၂၂(တနင်္ဂနွေနေ့) ညနေ ၃နာရီ တွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၊ (ရေဝေး)၌ ဝတ်ပြုဆုတောင်း၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။

( TBC-Y ဘုရားကျောင်း၊ ယုဇနဥယျာဉ်မြို့တော် ပိတောက်ကွေ့၊ ရွှေပြည်သာနေအိမ်တို့မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
### ဦးအောင်လွင် (I.E.M.Kirk)
**Executive Geophysicist (M.O.G.E)**
### အသက်(၇၉)နှစ်

ပြင်ဦးလွင်မြို့၊ ဘုတာရုံလမ်း၊ မင်္ဂလာအိမ်နေ (ဦးစီကပ်-ဒေါ်အမ်အိတ်ချ်ကပ်) တို့၏သားကြီး၊ Dr. Douglas Kirk - ဒေါ်ဒီတာလုတို့၏ အစ်ကို၊ ကို D.နေလင်း - Dr. Caroline Kirk တို့၏ဘကြီး၊ ဒေါ်စိုးစိုးလင်း (Colette)၏ ချစ်လှစွာသော ခင်ပွန်း၊ (ကိုအောင်နိုင်လွင်)၊ Dr. မီမီလွင် (Medical Oncologist)၊ မခင်ခင်လွင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်လွင်သည် ၁၉-၄-၂၂ ရက် နံနက် ၉:၅၀ နာရီတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း (၅၀) နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၄-၂၀၂၂ ရက် နံနက်၁၀ နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုဆုတောင်းမှုပြုလုပ်ပြီး မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းထွန်း
**ဥက္ကဋ္ဌ (Myanma Golden Star Co.,Ltd.)**
**ဥက္ကဋ္ဌ (Tun Commercial bank Ltd.)**
**ဥက္ကဋ္ဌ (Myanmar Consolidated Media Co., Ltd.)**
### အသက်(၈၆)နှစ်

ဝါးခယ်မမြို့နယ်ဖွား မြို့နယ်ဂုဏ်ဆောင် ပုဂ္ဂိုလ်ကြီးဖြစ်ပြီး ဝါးခယ်မမြို့နယ်အသင်းအပေါ် သြဝါဒနှင့် အကြံဉာဏ်များအမြဲတမ်း စိတ်ဝင်တစားချီးမြှင့်စောင့်ရှောက်ခဲ့သည့်နှစ်စဉ် အလှူရှင်ကြီးဦးသိန်းထွန်းသည် ၁၈-၄-၂၀၂၂ရက်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကွယ်လွန်အနိစ္စရောက်ရှိခဲ့ကြောင်း ကြားသိရသည့်အတွက် ဝါးခယ်မမြို့နယ်အသင်းနှင့် မြို့နယ်သူ၊ မြို့နယ်သားများက ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကကြီးများ**
**ဥက္ကဋ္ဌနှင့်အမှုဆောင်များ**
**ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပြည်ထောင်စုစိတ်ဓာတ်ဖြစ်တဲ့ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ကို မွေးမြူကြပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ရည်မှန်းချက်ထားကာ အမြန်ဆုံးတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့လိုကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ



### ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ အဆုံးသတ်

စာမျက်နှာ » ၁၁

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးဟောင်းများဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း(ခ)ဦးဒါရှီလဆိုင်း၊ ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့အပေါ် စီရင်ချက်အမိန့်ချမှတ်**

စာမျက်နှာ » ၁၅

စာမျက်နှာ » ၂၀၊ ၂၁



အာဆင်နယ်အသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။

## မန်ယူအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အာဆင်နယ်အသင်း အမှတ်ပေးဇယားအဆင့် ၄ နေရာ တက်လှမ်း

ပရီမီယာလိဂ်ပွဲစဉ်(၃၄)ရဲ့ စနေနေ့ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဆင်နယ်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းက မန်ယူအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၄ နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ☆



မြန်မာအသင်းနှင့် ထိုင်း All Stars အသင်း ယှဉ်ပြိုင်နေစဉ်။

## ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲဆက်

**ရန်ကုန် မေ ၂၃**

ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုတတိယနေ့ကို ယနေ့တွင် ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲဆက်ခဲ့သည်။

**ရှုံးပွဲနှင့် ထပ်မံရင်ဆိုင်ခဲ့**

တတိယနေ့တွင် ထိုင်း All Stars အသင်းက မြန်မာအသင်းကို လေးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းက ဩစတြေးလျကလပ် South Perth အသင်းကို လေးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲနှင့် ထပ်မံရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ထိုင်း All Stars အသင်းသည် ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဒုတိယပိုင်းတွင် မေသက်ပိုင်က သွင်းယူခဲ့သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❖

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၂၃**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မိုး/ဇလ